မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၉ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၈)၊ အမှတ်(၉၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ကိုလိုနီနယ်ချဲ့လက်သစ်များ တစ်ပါးနိုင်ငံပြည်တွင်းရေး ဝင်ရောက်စွက်ဖက် နယ်ချဲ့တို့ ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရဖြစ်လာအောင် နည်းမျိုးစုံအသုံးပြု စည်းလုံးညီညွတ်မှု၊ အေးချမ်းတည်ငြိမ်မှုများ ပျက်ပြားအောင် သွေးထိုးလှုံ့ဆော်

နိုင်ငံ၏အချုပ်အခြာအာဏာကို ကျူးကျော်ထိပါးရန် ကြိုးပမ်းလျက်ရှိကြသော ကိုလိုနီနယ်ချဲ့လက်သစ်များ၏အန္တရာယ်ကို တိုင်းရင်းသားပြည်သူအပေါင်း အထူးသတိမူ စည်းလုံးညီညွတ် တောင့်တင်းခိုင်မာသော အင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သော ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ခညောင်းပြည့်စုံသည့် ဤရက်မြတ်မဟာ နေ့ထူးနေ့မြတ် အခါသမယတွင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့အား ချစ်ကြည်လေးစားစွာ နှုတ်ခွန်းဆက်သလိုက်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းသည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပသာသနာပြု ပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၉)ကို လည်းကောင်း၊ ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၉)ကို လည်းကောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်း သင်္ဂဟတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၀၉)ကို လည်းကောင်း၊ စစ်မှုထမ်းကောင်းတံဆိပ် အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၀၉)ကို လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ်(၅/၂၀၀၉)ကိုလည်းကောင်း၊ ရဲမှုထမ်းကောင်းတံဆိပ် အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၀၉)ကို လည်းကောင်း၊ နိုင်ငံတော် ရဲမှုထမ်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၇/၂၀၀၉)ကို လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး တံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၈/၂၀၀၉) ကိုလည်းကောင်း ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ ရက် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့**(ယနေ့)**တွင် ထုတ်ပြန်ကြေညာလိုက်သည်။

အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၉)တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်သုံးပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်များတွင် ပြည်တွင်းမှ ၁၉ ပါး၊ ပြည်ပမှလေးပါး စုစုပေါင်း ၂၃ ပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်လေးပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၂၇ ပါး၊ သီလရှင်ငါးပါး စုစုပေါင်း ၃၂ ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၁၂ ပါး၊ သီလရှင်တစ်ပါး စုစုပေါင်း ၁၃ ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၄၈ ပါး၊ သီလရှင်ခုနစ်ပါး စုစုပေါင်း ၅၅ ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်များတွင် ပြည်တွင်းမှ နှစ်ပါး၊ ပြည်ပမှ တစ်ပါး စုစုပေါင်းသုံးပါး၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်များတွင် ပြည်တွင်းမှ ၂၁ ပါး၊ ပြည်ပမှ နှစ်ပါး စုစုပေါင်း ၂၃ ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်များတွင် ပြည်တွင်းမှ ၂၂ ပါး၊ ပြည်ပမှ လေးပါး၊ သီလရှင်နှစ်ပါး၊ ပြည်ပလူပုဂ္ဂိုလ်တစ်ဦး စုစုပေါင်း ၂၉ ပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသောဆရာတော် ၂၆ ပါး၊ သီလရှင်သုံးပါး၊ လူပုဂ္ဂိုလ်တစ်ဦး စုစုပေါင်း အပါး ၃၀၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ငါးပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်သုံးပါး၊ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ခုနစ်ပါး၊ သုဓမ္မမဏိဇောတဓရဘွဲ့ ကိုးဦး၊ သုဓမ္မသီဂိဘွဲ့ ၁၂ ဦးတို့ ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၉) တွင် ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)တစ်ဦး၊ နည်းပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)သုံးဦး၊ နည်းပညာထူးချွန်တံဆိပ်(တတိယဆင့်) ၁၃ ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)တစ်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယဆင့်) ၁၄ ဦး၊ စီမံထူးချွန်တံဆိပ်(ပထမဆင့်) ၂၆ ဦး၊ စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်) ၂၅ ဦး၊ စီမံထူးချွန်တံဆိပ်(တတိယဆင့်) ၅၂ ဦး၊ လူမှုထူးချွန်တံဆိပ်(ပထမဆင့်) ၆၁ ဦး၊ လူမှုထူးချွန်တံဆိပ်(ဒုတိယဆင့်) ၄၆ ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်) ၉၈ ဦး၊ ရဲသူရတံဆိပ် တစ်ဦး၊ ရဲဗလတံဆိပ် ခြောက်ဦး၊ ရဲသူရိန်တံဆိပ် တစ်ဦး၊ ရဲကျော်စွာတံဆိပ် သုံးဦး၊ ရဲကျော်သူတံဆိပ်တစ်ဦး စုစုပေါင်း ၃၅၂ ဦးတို့ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၀၉)တွင် မြန်မာနိုင်ငံစစ်မှုထမ်း သင်္ဂဟတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူ ၁၆၆၆ ဦး၊

အမိန့်ကြော်ငြာစာ အမှတ်(၄/၂၀၀၉)တွင် စစ်မှုထမ်းကောင်းတံဆိပ် အပ်နှင်းခြင်းခံရသူ ၃၀၈၄ ဦး၊

အမိန့်ကြော်ငြာစာအမှတ်(၅/၂၀၀၉)တွင် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် အပ်နှင်းခြင်းခံရသူ ၄၆၈၅ ဦး၊

အမိန့်ကြော်ငြာစာအမှတ်(၆/၂၀၀၉)တွင် ရဲမှုထမ်းကောင်းတံဆိပ် အပ်နှင်းခြင်းခံရသူ ၂၃ ဦး၊

အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၀၉)တွင် နိုင်ငံတော်ရဲမှုထမ်းတံဆိပ် အပ်နှင်းခြင်းခံရသူ ၃၁၄ ဦး၊

အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၀၉)ဖြင့် ပြည်သူ့ဝန်ထမ်းတံဆိပ် အပ်နှင်းခြင်းခံရသူများတွင် တာဝန်ထမ်းဆောင်ဆဲ ၁၄၇၆၃ ဦး၊ အငြိမ်းစား သုံးဦး စုစုပေါင်း ၁၄၇၆၆ ဦးနှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် အပ်နှင်းခြင်းခံရသူများတွင် တာဝန်ထမ်းဆောင်ဆဲ ၂၉၁၃၂ ဦး၊ အငြိမ်းစားငါးဦး စုစုပေါင်း ၂၉၁၃၇ ဦးတို့ ပါဝင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ ရက်)

ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် ညီညွတ်ပေါင်းစည်း ဒီမိုကရေစီ နိုင်ငံတော်သစ်ပေါ်ထွန်းရေး အားသွန်ခွန်စိုက်ကြိုးပမ်း

၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက်(ယနေ့)သည် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဖြစ်သည်။ တိုင်းရင်းသား ပြည်သူများအားလုံး လွတ်လပ်ခြင်း၏ အရသာ၊ လွတ်လပ်ခြင်း၏တန်ဖိုး၊ လွတ်လပ်ခြင်း၏ အဓိပ္ပာယ်ကိုသိရှိပြီး တစ်သက်မမေ့နိုင်သော နေ့တစ်နေ့လည်း ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားပေါင်းစုံ အတူတကွ စုပေါင်းနေထိုင်လာခဲ့ကြသည်။ နေရာဒေသ အနှံ့အပြားတွင် ယဉ်ကျေးမှုအဖုံဖုံနှင့် နေထိုင်ကြသော်လည်း အားလုံးသည် သနားကြင်နာတတ်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ မျိုးချစ်စိတ်ရှိခြင်း၊ ကူညီရိုင်းပင်းလိုစိတ်ရှိခြင်း၊ ခွင့်လွှတ်သည်းခံနိုင်ခြင်းဟူသည့် တူညီသောသဘာဝများ ရှိကြသည်။

တိုင်းရင်းသား လူမျိုးစုအားလုံး အတူတကွနေထိုင်ကြသော မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအခြေခံအုတ်မြစ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပင် ဖြစ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာစေရန် ကိုယ်ပိုင်အမျိုးသားစွမ်းအားစုများ၏ စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့ပြီးနောက် ယခုအခါ နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကိုလိုနီစနစ်ဆိုး၏အမွေကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသော နယ်စပ်ဒေသများ ယခုအခါမှာ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရသည် အထူးဖွံ့ဖြိုးရေးဒေသ ၂၄ခု စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို စနစ်တကျ ချမှတ်ဖော်ဆောင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများသည် ခက်ခဲစွာရယူခဲ့ရသော မြန်မာ့လွတ်လပ်ရေး၏ ကြိုးပမ်းမှုသမိုင်းကြောင်းကို အစဉ်သတိရပြီး မိမိအမျိုးအနွယ်ကို စောင့်သိသည့်စိတ်ဓာတ်၊ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို လေးစားမြတ်နိုးသည့်စိတ်ဓာတ်၊ အမျိုးသား အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည့် စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိပါးစော်ကားမခံသော သံမဏိစိတ်ဓာတ်တို့ဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ပေရာ အမျိုးသားရေးရည်မှန်းချက်ဖြစ်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးအတွက် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်ကို ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်စသော ညီညွတ်ပေါင်းစည်းသည့်စွမ်းအားဖြင့် တိုင်းရင်းသားပြည်သူများအားလုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒီရေတောထိန်းသိမ်းရေး ပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၃

တောင်ကုတ်မြို့နယ်တွင် ဒီရေရောက်တော ထိန်းသိမ်းရေးပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၇ရက် နံနက် ၁၁ နာရီက ကုလရောင်ကျေးရွာအုပ်စု မူလတန်းလွန်ကျောင်း၌ ကျင်းပရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်ဆင့်က ငါး၊ ပုစွန်မျိုးမသုဉ်းရေး ဒီရေတောများ ထိန်းသိမ်းပေးဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း **(အပေါ်ပုံ)**၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဇော်စိုးက ရာသီဥတုနှင့် သက်ရှိများအတွက် သစ်ပင်များ ထိန်းသိမ်းရန် လိုအပ်ပုံကိုလည်းကောင်း ဟောပြောကြသည်။ **(ငါးလုပ်ငန်းဦးစီး)**

မြဝတီရုပ်မြင်သံကြား

၄-၁-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် **ဂျူမုံမင်းသားလေး** (အပိုင်း-၁၂)
၁၂း၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ဝက်ပါလှည့်ကွက်**
၁၃း၃၀	၆။	ကျန်းမာသုတ
၁၃း၄၅	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၁၀)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀	၅။	စည်းကမ်းလိုက်နာ ဘေးကင်းကွာ
၄း၄၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၄း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀	၈။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၂။	ကမ္ဘာ့အံ့ဖွယ်မျက်လှည့်ပညာရှင်များ
၆း၄၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော်တင်တဲ့မင်းသမီး** (အပိုင်း-၁၂)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၁၁)

မြန်မာ့အလင်း နိုင်ငံတကာသတင်း

အီရတ်တောင်ပိုင်း ယူဆူဖီယာမြို့၌ အသေခံဗုံးခွဲတိုက်ခိုက်၍ လူ၃၀သေဆုံး၊ ၁၁၀ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်း မြို့တစ်မြို့တွင် ဇန်နဝါရီ ၂ရက်က ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူ ၃၀ သေဆုံးခဲ့ကြောင်း ရဲသတင်းရပ်ကွက်က ထုတ်ဖော်ပြောကြားခဲ့သည်။ဘဂ္ဂဒက်မြို့တော် တောင်ဘက် ၁၂မိုင်အကွာရှိ ယူဆူဖီယာမြို့တွင်ဖြစ်ပွားသော ယင်းဖြစ်ရပ်တွင် လူ ၁၁၀လည်း ဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုမှာ ဆွန်နီလူမျိုးတို့ အစည်းအဝေးကျင်းပနေရာသို့ ဗုံးခွဲသမားတစ်ဦးက ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု သတင်း၌ဖော်ပြသည်။

ဆက်လက်ဖော်ပြ

ယင်းဒေသသည် တစ်ချိန်က အယ်လ်ခိုင်ဒါတို့ လွှမ်းမိုးကြီးစိုးခဲ့ရာဒေသဖြစ်ကြောင်း၊ သို့သော်လည်း မကြာသေးမီနှစ်များက ဒေသခံဆွန်နီလူမျိုးတို့က ပြန်လည်ရယူနိုင်ခဲ့ကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။

ကြိုးပမ်းဆောင်ရွက်

သေဆုံးသူများထဲတွင် လူမျိုးစုခေါင်းဆောင်အများအပြားနှင့် ရှီးယိုက်တို့လည်း ပါဝင်သည်ဟုဆိုသည်။ အခင်းဖြစ်ပွားစဉ် ကျင်းပလျက်ရှိသော အစည်းအဝေးသည် ရှီးယိုက်ခေါင်းဆောင်ဝန်ကြီးချုပ် နူရီမာလီကီ၏ ဆွန်နီလူမျိုးများနှင့် စည်းလုံးညီညွတ်မှု ပြန်လည်ရယူကာ လူမျိုးစုများ ပြန်လည်ပေါင်းစည်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

ဗုံးပေါက်ကွဲ

ဘဂ္ဂဒက်မြို့ အနောက်မြောက်ပိုင်းတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို ဒီဇင်ဘာ ၃၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌ ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

လန်ဒန် ဇန်နဝါရီ ၃

အာဖဂန်နစ္စတန်နိုင်ငံ၌ ဒီဇင်ဘာ ၃၁ ရက်က ပေါက်ကွဲမှုတစ်ရပ်တွင် ဗြိတိန်တော်ဝင် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ဗြိတိန် ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟယ်လ်မန်ပြည်နယ် ဆန်ဂင်ခရိုင်အတွင်း လုံခြုံရေးကင်းလှည့်စဉ် ဗုံးပေါက်ကွဲသဖြင့် မရိန်းတပ်ဖွဲ့ဝင်မှာ ထိမှန် သေဆုံးသွားရခြင်း ဖြစ်သည်။

တာလီဘန် ပြောက်ကျားများအား တိုက်ခိုက်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ပေါင်း ၈၀၀၀ကျော်တို့ အာဖဂန်နစ္စတန်နိုင်ငံ၌ ရှိနေသည်။ ၂၀၀၁ခုနှစ် နောက်ပိုင်း အာဖဂန်နစ္စတန်၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ပေါင်း ၁၃၇ဦးရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၁-၂၀၀၉ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	မမေ့အပ်တဲ့လေးဌာန တရားတော် (အပိုင်း-၁) (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၈း၀၀-၂း၀၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈း၅၅-၂း၅၅	Soccer Update
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	ဆင်ယင်ရိုးရာ တို့မြန်မာ
၉း၄၅-၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀-၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅	Euro Goals
၁၀း၁၅-၄း၁၅	ရှေးဟောင်းအမွေ ဆည်ကန်ရေ၊ စိမ်းစိုလန်းဖြာ မြကန်သာ
၁၀း၃၀-၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅-၄း၃၅	**'ဒါ' ဖောရိန်းမိတ်တဲ့လားဗျာ** ထူးသာ၊ ညီရော်၊ ဆုပန်ထွာ [ဒါရိုက်တာ ဝေဠု (ဝသန်)]
၁၀း၅၅-၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅-၅း၀၅	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁၁း၁၅-၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀-၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅-၅း၂၅	မေတ္တာကိုအခြေပြုသည့် ဦးတည်ရာ လမ်းကြောင်း ပေါ်ဝယ်(မိုးညိုမြို့)
၁၁း၅၅-၅း၅၅	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ခင်မောင်ကြီး)
၁၂း၁၅-၆း၁၅	International Video Topics (သစ်အိမ်ကြီးများ ပြောင်းရွှေ့ခြင်း)
၁၂း၄၀-၆း၄၀	မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၃၀	Gillingham-Aston Villa	Star Sports (Live)
၁၀း၀၀	Southampton-Man U	Star Sports (Live)

ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး

တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်

■ **ရှေ့ဖုံးမှ**

မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နှစ်ပေါင်းထောင်ချီ၍ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ခေတ်အဆက်ဆက် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ဂုဏ်ယူစွာ ရပ်တည်ခဲ့ကြသည်။

ပြန်လည်ကြိုးပမ်းရယူ

၁၉ ရာစုနှောင်းပိုင်းတွင် ကိုလိုနီနယ်ချဲ့တို့၏ မတရားကျူးကျော်မှုကြောင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရသည်။ သူ့ကျွန်မခံလိုသော ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်၊ ခိုင်မာသော မျိုးချစ်စိတ်ဓာတ်၊ သတ္တိ၊ ဇွဲ၊ အားမာန်တို့ဖြင့် အသက်၊ သွေး၊ ချွေး မြောက်မြားစွာ ပေးဆပ်ရင်းနှီးပြီး နယ်ချဲ့တို့အား ရှုပ်ရှုပ်ချွံချွံ တွန်းလှန်တိုက်ခိုက်ကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ကြိုးပမ်းရယူနိုင်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၆၁)နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီ ဖြစ်ပေသည်။

ကာကွယ်စောင့်ရှောက်

တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့သည် မြန်မာ့မူလဗီဇ လက္ခဏာများ ဖြစ်ကြသည့် တိုင်းပြည်နှင့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားလိုသည့် စိတ်ဓာတ်၊ အချုပ်အခြာအာဏာကို မြတ်နိုးတွယ်တာ တန်ဖိုးထားသည့် စိတ်ဓာတ်၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှုနှင့် အမျိုးသားရေး ဂုဏ်သိက္ခာကို အထိပါးမခံသည့် စိတ်ဓာတ်များဖြင့် စည်းလုံးညီညွတ်စွာ လွတ်လပ်ရေးကြိုးပမ်းမှုကာလ တစ်လျှောက်လုံး လှုပ်ရှားဆောင်ရွက်ခဲ့ခြင်းကို သမိုင်းက သက်သေထူလျက်ရှိသည်။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အစဉ်အမြဲ သတိရနေကြရမည်ဖြစ်သည်။ နိုင်ငံတော်အခွန့်ရှည် တည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံတော်ကို ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

သမိုင်းပေးတာဝန်

ယခုကာလတွင် ကိုလိုနီနယ်ချဲ့လက်သစ်များသည် တစ်ပါးနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ ၎င်းတို့၏ ဩဇာခံနိုင်ငံဖြစ်လာအောင် ဖိအားပေး အကျပ်ကိုင်ခြင်း၊ ၎င်းတို့ ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရဖြစ်လာအောင် နည်းမျိုးစုံအသုံးပြုပြီး ချုပ်ချယ်ထိန်းကွပ်ခြင်း နည်းလမ်းတို့ဖြင့် သက်ဆိုင်ရာနိုင်ငံ၏ အချုပ်အခြာအာဏာကို ကျူးကျော်ထိပါးသော ကိုလိုနီ နယ်ချဲ့လက်သစ်နည်းစနစ်များကို အသုံးပြုလျက်ရှိကြသည်။ ထို့အပြင် ၎င်းတို့၏လုပ်ရပ်များအား အချို့သော နိုင်ငံတကာအဖွဲ့အစည်းများက ထောက်ခံစေခြင်းဖြင့် နိုင်ငံ၏စည်းလုံးညီညွတ်မှု၊ အေးချမ်းတည်ငြိမ်မှုများ ပျက်ပြားအောင် သွေးထိုးသပ်လျှို လှုံ့ဆော်မှုများကိုလည်း ဆောင်ရွက်လျက် ရှိကြသည်။ ဤကဲ့သို့ နိုင်ငံ၏အချုပ်အခြာအာဏာကို ကျူးကျော်ထိပါးရန် ကြိုးပမ်းလျက်ရှိကြသော ကိုလိုနီနယ်ချဲ့လက်သစ်များ၏ အန္တရာယ်များကို တိုင်းရင်းသားပြည်သူအပေါင်းသည် အထူးသတိမူလျက် မိမိ၏ စည်းလုံးညီညွတ် တောင့်တင်းခိုင်မာသောအင်အားဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့်တာဝန်သည် သမိုင်းပေးတာဝန်တစ်ရပ် ဖြစ်ပေသည်။

တစ်ခဲနက်ထောက်ခံ

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးပေါ်ထွန်းရေးကို အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်အဖြစ် ခိုင်ခိုင်မာမာချမှတ်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ စီးပွားရေးအခြေခံအဆောက်အအုံများ တောင့်တင်းခိုင်မာလာစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်တစ်ဝန်းလုံး အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် အထူးဖွံ့ဖြိုးရေးဒေသ(၂၄)ခု စီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ်ပြီး ဆောင်ရွက်လျက် ရှိပေသည်။ ထို့အပြင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး အဆင့်ဆင့် အကောင်အထည်ဖော်လျက်ရှိရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ခုနှစ် မေလတွင် ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ထောက်ခံဆန္ဒမဲဖြင့် အတည်ပြုခဲ့ပြီးဖြစ်ပေသည်။

တာဝန်သိသိ သစ္စာရှိရှိ

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်မည်ဟူသော ခိုင်ကျည်မြဲမြံသည့်သန္နိဋ္ဌာန်ဖြင့်-

(၁) **နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး၊**

(၂) **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊**

(၃) **ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊**

(၄) **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး**

ဟူသော ၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်(၄)ရပ်ကို ကျွန်ုပ်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့သည် အလေးအနက်ခံယူပြီး တာဝန်သိသိ သစ္စာရှိရှိဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြပါရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ မင်္ဂလာအခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့သည် မြန်မာ့မူလဗီဇလက္ခဏာများဖြစ်ကြသည့် တိုင်းပြည်နှင့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားလိုသည့် စိတ်ဓာတ်၊ အချုပ်အခြာအာဏာကို မြတ်နိုးတွယ်တာတန်ဖိုးထားသည့် စိတ်ဓာတ်၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှုနှင့် အမျိုးသားရေးဂုဏ်သိက္ခာကို အထိပါးမခံသည့်စိတ်ဓာတ်များဖြင့် စည်းလုံးညီညွတ်စွာ လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက်လုံး လှုပ်ရှားဆောင်ရွက်ခဲ့ခြင်းကို သမိုင်းကသက်သေထူလျက်ရှိသည်။

သာသနာတော်ဆိုင်ရာဘွဲ့ တံဆိပ်တော်များဆက်ကပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ

အမှတ်၊ ၁/၂၀၀၉

၁၃၇၀ပြည့်နှစ်၊ ပြာသိုလဆန်း ၉ ရက်

(၂၀၀၉ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည်-

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကုဏ္ဍလဇောတိ
ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်
ဆံတော်ရပ်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၂။ ဘဒ္ဒန္တ သုစိတ္တာဘိဝံသ
ရွှေဟင်္သာတိုက်သစ်ကျောင်း
အမှတ်(၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃။ ဘဒ္ဒန္တ ဝိလာသာဘိဝံသ
သာသနဝိပုလရွှေဂူစာသင်တိုက်
နန္ဒဝန်ရပ်၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တစန္ဒိမာ
ဇေယျသုခဝါဆိုကျောင်းတိုက်
နားခါရပ်ကွက်၊ မိုးညှင်းမြို့၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တ ကောဏ္ဍည
ကန်သာစာသင်တိုက်
မြစ်ငယ်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း။

၃။ ဘဒ္ဒန္တ ဝါယမ
ကံထူးဓမ္မရိပ်သာကျောင်းတိုက်
အမှတ်(၁၃)ရပ်ကွက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၄။ ဘဒ္ဒန္တ ဇဝန
အောင်မြင်ဇေယျာစာသင်တိုက်
အမှတ်(၁၃)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း။

၅။ ဘဒ္ဒန္တ ဓမ္မပါလ
ဓမ္မမဏ္ဍူသိမ်ကျောင်း၊ အောင်မြေသာယာတိုက်
ရေစကြိုမြို့၊ မကွေးတိုင်း။

၆။ ဘဒ္ဒန္တ နန္ဒသိရီ
နန္ဒာအေးကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

၇။ ဘဒ္ဒန္တ ဣန္ဒက
ဓမ္မာစရိယအေးကျောင်း၊ ညောင်ကန်တိုက်
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။

၈။ ဘဒ္ဒန္တ ပညာဝံသ
ကျားပျံပိဋကတိုက်ကျောင်း၊ တောင်ပြင်ထီးလင်းတိုက်
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။

၉။ ဘဒ္ဒန္တ အဂ္ဂဝံသာဘိဝံသ
မဟာဂန္ဓာရုံကျောင်းတိုက်
အမရပူရမြို့နယ်၊ မန္တလေးတိုင်း။

၁၀။ ဘဒ္ဒန္တ ခေမိန္ဒ
ခေမာသီဝံစာသင်တိုက်
စံပြရပ်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း။

၁၁။ ဘဒ္ဒန္တ ဥဧယျာဘိဝံသ
အာဂမနယူပဒေသကျောင်း၊ မစိုးရိမ်တိုက်
မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

၁၂။ ဘဒ္ဒန္တ သုမန
နတ်မှော်ကျောင်းတိုက်
မောင်ငံရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၁၃။ ဘဒ္ဒန္တ နေမိန္ဒာဘိသိရီ
ရတနာသိဃ်ပရိယတ္တိစာသင်တိုက်
အမှတ်(၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၁၄။ ဘဒ္ဒန္တ ဂုဏိကာဘိဝံသ
ကံသုံးဆင့် ပရိယတ္တိစာသင်တိုက်
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။

၁၅။ ဘဒ္ဒန္တ ကောဝိဒါဘိဝံသ
မဟာဇေယျမင်းကျောင်း ပရိယတ္တိစာသင်တိုက်
ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်း။

၁၆။ ဒေါက်တာ ဘဒ္ဒန္တ အာဒိစ္စဝံသ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၇။ ဘဒ္ဒန္တ ပညာသိရီဘိဝံသ
တပ်ဦး ဥတ္တရာရုံစာသင်တိုက်
စဝ်စံထွန်းရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၁၈။ ဘဒ္ဒန္တ ဂုဏာလင်္ကာရာဘိဝံသ
စိန္တာမုနိကျောင်းတိုက်
အမှတ်(၁)ရပ်ကွက်၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၁၉။ ဘဒ္ဒန္တ ဝဏ္ဏိတာဘိဝံသ
မြောင်းမြကျောင်းပရိယတ္တိစာသင်တိုက်
ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၂၀။ ဘဒ္ဒန္တသောမာနန္ဒထေရ် (Ven. Theripehe Somananda Thero) သုမင်္ဂလာရာမကျောင်းတိုက် Thalawathugada မြို့၊ သီရိလင်္ကာနိုင်ငံ။

၂၁။ ဘဒ္ဒန္တ ဂဏဝံသထေရ် (Ven. Wilapitiye Ghanawansa Thero) Nigrodhakettha Maha ကျောင်းတိုက် Thelanbugala, Gelioya မြို့၊ သီရိလင်္ကာနိုင်ငံ။

၂၂။ ဒေါက်တာ ဘဒ္ဒန္တသစ္စပါလထေရ် (Dr. Ven. Satyapala Thero) ပါဠိနှင့် ဗုဒ္ဓဘာသာလေ့လာရေးဌာန၊ နယူးဒေလီတက္ကသိုလ်၊ နယူးဒေလီမြို့၊ အိန္ဒိယနိုင်ငံ။

၂၃။ ဒေါက်တာ ဘဒ္ဒန္တဟနိပိုလဂုဏရတနထေရ် (Dr. Ven. Henepola Gunaratana Thero) အနောက်ဗာဂျီးနီးယားကျောင်း၊ Shenandoah တောင်ကြား၊ ဝါရှင်တန် D.C၊ အမေရိကန်နိုင်ငံ။

ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဝရသိရီ ရွှေသိမ်တော်ကျောင်း၊ မြို့မရပ်ကွက်၊ ချောင်းဦးမြို့၊ စစ်ကိုင်းတိုင်း။

၂။ ဘဒ္ဒန္တ ဇဝန သစ်ညီနောင်ဓမ္မရိပ်သာကျောင်း၊ ကျောက်ဖြူတောင်ကျေးရွာ၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်း။

၃။ ဘဒ္ဒန္တ ရာဇိန္ဒ မဟာမြိုင်ပရိယတ္တိစာသင်တိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

၄။ ဘဒ္ဒန္တ တေဇာစာရ ရတနာလင်္ကာရကျောင်း၊ အဘယမင်္ဂလာရာမ ဥသျှစ်ကုန်းတိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ပညိန္ဒာလင်္ကာရ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၊ မင်းကုန်းရပ်ကွက်၊ ဗန်းမော်မြို့၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တ တေဇိန္ဒ မိုးကယ်ကျောင်းတိုက်၊ အမှတ်(၇)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်။

၃။ ဘဒ္ဒန္တ နန္ဒောဘာသ အုတ်ကန်တောရစာသင်တိုက်၊ မြဝတီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၄။ ဘဒ္ဒန္တ ဓသက အသောကာရုံကျောင်းတိုက်၊ ရန်ကင်းရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၅။ ဘဒ္ဒန္တ ပညာဇောတ ပိဋကတ်စာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။

၆။ ဘဒ္ဒန္တ ဝေပုလ္လာစာရ မင်္ဂလာရာမ ပရိယတ္တိစာသင်တိုက်၊ အောင်မင်္ဂလာရပ်ကွက်၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်း။

၇။ ဘဒ္ဒန္တ ကုမာရသိရီ ဇောင်ကြမ်းပင် ပရိယတ္တိစာသင်တိုက်၊ အေးသာယာရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၈။ ဘဒ္ဒန္တ ကောသလ္လ၊ ဇေယျဝတီကျောင်းတိုက်၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။

၉။ ဘဒ္ဒန္တ သောဘနာဘိဝံသ ဘာဝနာပရိယတ္တိစာသင်တိုက်၊ ဗိုလ်ကုန်း(၁၈)ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၁၀။ ဘဒ္ဒန္တ တေဇောသာရ ရွှေဆံတော်မရမ်းကျောင်းတိုက်၊ အမှတ်(၁၃)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း။

၁၁။ ဘဒ္ဒန္တ နရာသဘာဘိဝံသ ဝေဇယန္တာပရိယတ္တိစာသင်တိုက်၊ ရွှေဥဒေါင်းရပ်ကွက်၊ မိုးညိုမြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၁၂။ ဘဒ္ဒန္တ သေဋ္ဌိလ မဟာသုဒဿနာရာမကျောင်း၊ ဆံတော်ရပ်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၁၃။ ဘဒ္ဒန္တ ပညာစက္က ပညာစက္ကာရာမစာသင်တိုက်၊ အောင်ချမ်းသာရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်း။

၁၄။ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျပရိယတ္တိ စာသင်တိုက်၊ ရွာကောက်ရပ်၊ နေပြည်တော် ပျဉ်းမနား။

၁၅။ ဘဒ္ဒန္တ နေမိန္ဒ တောင်စလင်းတိုက်သစ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၁၆။ ဘဒ္ဒန္တ ဉာဏိန္ဒ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၁၇။ ဘဒ္ဒန္တ ခေမာစာရ ဆင်ဖြူစာသင်တိုက်၊ ဒိုင်းဝန်ကွင်း၊ ရှမ်းစုရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၁၈။ ဘဒ္ဒန္တ ကုမာရ မင်္ဂလသာရဒီပစာသင်တိုက်၊ တရနာကျေးရွာ၊ ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ်။

၁၉။ ဘဒ္ဒန္တ ဉာဏဝံသ တပ်ဦးဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

၂၀။ ဘဒ္ဒန္တ ဇောတိက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၁။ ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၂။ ဘဒ္ဒန္တ နာဂိန္ဒ သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်၊ အမှတ်(၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၂၃။ ဘဒ္ဒန္တ ဂရုဝံသာဘိဝံသ ဓမ္မဝိဟာရပထမကျော်စာသင်တိုက်၊(င/က) ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၄။ ဘဒ္ဒန္တနာဂိတ ရွှေပြည်သာပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာ မြို့နယ်၊ ရန်ကုန်တိုင်း။

၂၅။ ဘဒ္ဒန္တ အဂ္ဂဝံသ ဝေဠုဝန်ကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ ပင်လုံမြို့၊ ရှမ်းပြည်နယ်။

၂၆။ ဘဒ္ဒန္တ ဣန္ဒောဘာသ စန္ဒာရုံပရိယတ္တိစာသင်တိုက်၊ စက်တော်ရာရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

၂၇။ ဘဒ္ဒန္တ ပဏ္ဍိတ မဟာဓမ္မိကာရုံကျောင်းတိုက်၊ ကနောင်စုရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်း။

သီလရှင်ဆရာကြီးများ

၂၈။ ဒေါ်နိမလ ဇေယျသိင်္ဂီချောင်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂၉။ ဒေါ်ထေရီ ဓသုဝတီသီလရှင်စာသင်တိုက်၊ လယ်တီရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၃၀။ ဒေါ်သုဇနမာနိ ကျုံးထောင့် ဝိပဿနာသီလရှင်စာသင်တိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၃၁။ ဒေါ်ခေမာစာရီ မဟာဗောဓိဘုရားကြီးကျောင်းတိုက်၊ ကျောက္ကာကျေးရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်း။

၃၂။ ဒေါ်ရူပသိင်္ဂီ မြဝတီသီလရှင်စာသင်တိုက်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။

မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဓမ္မပီယ ဝေဠုဝန်တိုက်မကျောင်းတိုက်၊ အမှတ်(၁)ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။

၂။ ဘဒ္ဒန္တ ခေမိန္ဒ ပင်လုံတပ်ဦး ပရိယတ္တိစာသင်တိုက်၊ ပင်လုံရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်း။

၃။ ဘဒ္ဒန္တ သုဇန တောင်ဇင်းအထက်ကျောင်းတိုက်၊ သောကြာပြင်ကျေးရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်း။

၄။ ဘဒ္ဒန္တ အာလောက မြို့ဦးပရိယတ္တိစာသင်တိုက်၊ ချမ်းမြသာစည်ရပ်ကွက်၊ ဝေါမြို့၊ ပဲခူးတိုင်း။

၅။ ဘဒ္ဒန္တ ဇောတိက မဟာဝေယံဘုံသာကျောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၆။ ဘဒ္ဒန္တ ဇနိန္ဒ စိန်ရတနာကျောင်း၊ ဓမ္မိကာရာမတိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။

၇။ ဘဒ္ဒန္တ ပညာသာမိ ရွှေဒါးပရိယတ္တိစာသင်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၈။ ဘဒ္ဒန္တ ဉာဏဝရသာမိ တောင်စွန်းပရိယတ္တိစာသင်တိုက်၊ အစင်စံပြကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်။

၉။ ဘဒ္ဒန္တပဏ္ဏဝ ဖက်ပင်အိုင် စာသင်တိုက်၊ ဈ/မြောက်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၀။ ဘဒ္ဒန္တ သုဇန ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အမှတ်(၅)ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၁။ ဘဒ္ဒန္တလာဘာဘိဝံသ အင်းပေါ်ခုံကျောင်း၊ အင်းပေါ်ခုံကျေးရွာ၊ ညောင်ရွှေမြို့နယ်၊ ရှမ်းပြည်နယ်။

၁၂။ ဘဒ္ဒန္တသံဝရ မင်းကျောင်းပရိယတ္တိစာသင်တိုက်၊ အမှတ်(၃) ရပ်ကွက်၊ လပွတ္တာမြို့၊ ဧရာဝတီတိုင်း။

သီလရှင်ဆရာကြီး

၁၃။ ဒေါ်ကုမာရီ ကုလဝိသေသီပရိယတ္တိစာသင်တိုက်၊ အမှတ်(၃) ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ နန္ဒောဘာသ မေဓိကာရာမပရိယတ္တိစာသင်တိုက်၊ လုံးခင်းကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တ ပိဏ္ဍောလဝံသ သာဝတ္ထိပရိယတ္တိစာသင်တိုက်၊ မင်္ဂလာရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။

၃။ ဘဒ္ဒန္တ သောပါက ခေမာရာမစာသင်တိုက်၊ အမှတ်(၉)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်။

၄။ ဘဒ္ဒန္တ နန္ဒိယ သာသနရက္ခိတပရိယတ္တိစာသင်တိုက်၊ တလန်လိုရပ်ကွက်၊ ဖလမ်းမြို့၊ ချင်းပြည်နယ်။

၅။ ဘဒ္ဒန္တ မာနိတ အုတ်ကန်တောရစာသင်တိုက်၊ မြဝတီရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၆။ ဘဒ္ဒန္တ သာသနသိရီ ရတနာဇေယျုံစာသင်တိုက်၊ ဈေးရုံဗိုလ်တဲရပ်၊ ကောလင်းမြို့၊ စစ်ကိုင်းတိုင်း။

၇။ ဘဒ္ဒန္တ ဝိဇ္ဇောဒယ မဟာဇောတိကာရာမ ပါဠိတက္ကသိုလ် ကျောင်းတိုက်၊ ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၈။ ဘဒ္ဒန္တ တေဇနိယ ရန်ကင်းပရိယတ္တိစာသင်တိုက်၊ ရန်ကင်းရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၉။ ဘဒ္ဒန္တ ဝိဇ္ဇောဒယ ဃောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကညွှဲရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။

၁၀။ ဘဒ္ဒန္တ ကေသရ ဝင်းနိမ္မိတာရုံကျောင်းတိုက်၊ ကလျာဏီရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၁၁။ ဘဒ္ဒန္တ တိဿ မြို့ဦးပရိယတ္တိစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်း။

၁၂။ ဘဒ္ဒန္တ ဣန္ဒာစာရာလင်္ကာရာဘိဝံသ သာမဏေကျော်ကျောင်းတိုက်၊ ဉဿာမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၁၃။ ဘဒ္ဒန္တ ကေသရ တိုက်ကျောင်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဈေးချိုတောင်ရပ်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၁၄။ ဘဒ္ဒန္တ ပညာဇောတ ရွှေလရောင်ပရိယတ္တိကျောင်းတိုက်၊ ရွှေတောင်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၁၅။ ဘဒ္ဒန္တ ပညာသီဟ မဟာဝိသုတာရာမအလယ်တိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။

၁၆။ ဘဒ္ဒန္တ ပညာဝရ ကံသာကျောင်း၊ အသောကာရာမတိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။

၁၇။ ဘဒ္ဒန္တ ဝိစက္ခဏ အောင်စည်သာ ပရိယတ္တိစာသင်တိုက်၊ နေပြည်တော် ပျဉ်းမနား။

၁၈။ ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ မေသက်ဘုရားသားကျောင်း၊ ငွေးချိုတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၁၉။ ဘဒ္ဒန္တ စန္ဒောဘာသ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်၊ ရွာကောက်ရပ်၊ နေပြည်တော် ပျဉ်းမနား။

၂၀။ ဘဒ္ဒန္တ ကုဏ္ဍလ မဟာအောင်မြေရတနာကျောင်း၊ သာယာအေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း။

၂၁။ ဘဒ္ဒန္တ ဝီရိယသာရ သာသနဝေပုလ္လကျောင်းတိုက်၊ ရန်မျိုးအောင်ရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၂၂။ ဒေါက်တာ ဘဒ္ဒန္တဉာဏောဘာသ တပ်ဦးမဟာဂန္ဓာရုံကျောင်းတိုက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်း။

၂၃။ ဘဒ္ဒန္တ ဉာဏာလောကာလင်္ကာရ မဟာမြိုင်ပရိယတ္တိစာသင်တိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

၂၄။ ဘဒ္ဒန္တ ပညာသာမိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၂၅။ ဘဒ္ဒန္တကုသလ ပဌမကျော် မဗ္ဗာစရိယတိုက်သစ်ကျောင်း၊ ဝန်ဇင်းရပ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၂၆။ ဘဒ္ဒန္တ ပညာသာမိ မယ်ဇယ်ပင်ပညာလင်္ကာရစာသင်တိုက်၊ ရဲစုရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း။

၂၇။ ဘဒ္ဒန္တ မာဏဝ အောင်ဇမ္ဗူကျောင်း၊ ဆေးဒါန်းတောင်ကျောင်းတိုက် ဥပုသ်တော်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၂၈။ ဘဒ္ဒန္တ နန္ဒဝံသာလင်္ကာရာဘိဝံသ မြဘယက်သာမဏေကျော်ကျောင်းတိုက်၊ တံခွန်တိုင်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။

၂၉။ ဘဒ္ဒန္တ ပဏ္ဍာဝံသ ကုက္ကိုတောရပရိယတ္တိစာသင်တိုက်၊ အမှတ်(၁၇)ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။

၃၀။ ဘဒ္ဒန္တ နန္ဒသာရ အလယ်ကျောင်းစာသင်တိုက်၊ မြို့မဈေးရပ်ကွက်၊ ကျိုက္ခမီမြို့၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ်။

၃၁။ ဘဒ္ဒန္တ စန္ဒာသိရီ ဘုရားကျောင်းစာသင်တိုက်၊ နိုင်းပြိုင်ကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။

၃၂။ ဘဒ္ဒန္တ ဝရဇောတိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မင်းဂံရပ်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

၃၃။ ဘဒ္ဒန္တ ပညာဝရ ရွှေကျင်(ဂျား)ကျောင်းစာသင်တိုက်၊ ကံကြီး/မကျီးရပ်ကွက်၊ ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၄။ ဘဒ္ဒန္တ အာစိဏ္ဏ အောင်မော်စံပရိယတ္တိစာသင်တိုက်၊ ရှုခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။

၃၅။ ဘဒ္ဒန္တ ဣန္ဒာစာရ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၆။ ဘဒ္ဒန္တ သုတစရ မဗ္ဗရောင်ခြည်ကျောင်းတိုက်၊ ကျောက်ရေတွင်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၃၇။ ဘဒ္ဒန္တပညာသာမိ ပဋ္ဌနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ အမှတ်(၁၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၈။ ဘဒ္ဒန္တ နန္ဒက မဟာဗောဓိပရိယတ္တိစာသင်တိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၉။ ဘဒ္ဒန္တ အမတောဘာသ မစိုးရိမ်ရွှေကျင်တိုက်သစ်၊ အမှတ်(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၀။ ဒေါက်တာ ဘဒ္ဒန္တဣန္ဒက အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၁။ ဘဒ္ဒန္တ ဃောသိတ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၂။ ဘဒ္ဒန္တ ဣန္ဒောဘာသာလင်္ကာရ မဟာခေမိကာရာမရွှေကျင်စာသင်တိုက်၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း။

၄၃။ ဘဒ္ဒန္တတိက္ခိန္ဒ ကေတုမတီကျောင်းတိုက်၊ နမ့်ခုတ်ကျေးရွာ၊ ဟိုပုံးမြို့နယ်၊ ရှမ်းပြည်နယ်။

၄၄။ ဘဒ္ဒန္တ နာယက မင်းကျောင်းပရိယတ္တိစာသင်တိုက်၊ ကန်အောက်ရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၄၅။ ဘဒ္ဒန္တသုနန္ဒ မြို့လယ်ကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၄၆။ ဘဒ္ဒန္တ ဉာဏိန္ဒ ပဏ္ဍိတာရုံစာသင်တိုက်၊ အမှတ်(၈)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

၄၇။ ဘဒ္ဒန္တ ကဝိဓဇ တိုက်သစ်ကျောင်း၊ ဓမ္မဝိနယပဌမပြန်စာသင်တိုက်၊ အမှတ်(၉)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်း။

၄၈။ ဘဒ္ဒန္တ သုန္ဒရ ရွှေဟင်္သာတောရကျောင်းတိုက်၊ အမှတ်(၇)ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်း။

သီလရှင်ဆရာကြီးများ

၄၉။ ဒေါ်ကိတ္တိမာလာ မဂ္ဂင်ချောင်ကျောင်း၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၅၀။ ဒေါ်နန္ဒာထေရီ သာသနမဏ္ဍူယင်းမာမြိုင် သီလရှင်စာသင်တိုက်၊ ချမ်းမြသာစည်ရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၅၁။ ဒေါ်စန္ဒာသိရီ မဟာစည်သာသနာ့ရိပ်သာ သီလရှင်စာသင်တိုက်၊ ရွာမရပ်၊ နတ်တလင်းမြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၅၂။ ဒေါ်ဝိလာသီ မြဝတီသီလရှင်စာသင်တိုက်(၂)၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။

၅၃။ ဒေါ်ဓမ္မဝတီ ခေမာရာမသီလရှင်စာသင်တိုက်၊ အောင်သုခရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၅၄။ ဒေါ်နိမလ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၅၅။ ဒေါ်ရူပသန္တာ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဇနကာဘိဝံသ ချမ်းမြေ့ရိပ်သာကျောင်း၊ အမှတ်(၁၀) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပြည်ပဘွဲ့ခံဆရာတော်ကြီး

၃။ Ven. Acharya Buddharakkhita Maha Bodhi Society, 14, Kalidasa Road, Gandhinagar, Bangalore, 560009, India

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဇာဂရဗုဒ္ဓိ တောင်လေးလုံးကျောင်းတိုက်၊ ညောင်ပင်ရပ်ကွက်၊ ဗန်းမော်မြို့၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တ စန္ဒိမာ သီရိမင်္ဂလာပုံဟော်ကြီး ပရိယတ္တိစာသင်တိုက်၊ မင်္ဂလာရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။

၃။ ဘဒ္ဒန္တ ဇာနေယျ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ အမှတ်(၉) ရတနာဒီရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်။

၄။ ဘဒ္ဒန္တ ဉာဏောဘာသ ဓမ္မဟောဝန်ပရဟိတကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ ဘုရားသုံးဆူမြို့နယ်၊ ကရင်ပြည်နယ်။

၅။ ဘဒ္ဒန္တ ဥတ္တရဗုဒ္ဓိ သီရိမင်္ဂလာကျောင်း၊ ဖွားစောကျေးရွာ၊ မြောင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၆။ ဘဒ္ဒန္တ မာလာဘိဝံသ ဃောသိတာရာမ (ပါဠိတက္ကသိုလ်) ကျောင်းတိုက်၊ ကညွှဲရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။

၇။ ဘဒ္ဒန္တ ပဏ္ဍိတ အင်းသာအရှေ့ကျောင်းတိုက်၊ သာဝတ္ထိမြို့၊ နေပြည်တော် လယ်ဝေး။

၈။ ဘဒ္ဒန္တ ပဏ္ဍာဝံသ မြစည်းခုံစာသင်တိုက်၊ (၁၄)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း။

၉။ ဘဒ္ဒန္တ တေဇောဘာသ အောင်မြေဘုံကျောင်းတိုက်၊ တောင်ပြင်(၁)ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်း။

၁၀။ ဘဒ္ဒန္တ သောဘဏ တောရစာသင်တိုက်၊ ပေါက်တောကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။

၁၁။ ဘဒ္ဒန္တ ကောသိယ မဏ္ဍလာဇေယျုံကျောင်း၊ ပိန္နဲကုန်းကျေးရွာ၊ ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ်။

၁၂။ ဘဒ္ဒန္တ ဥက္ကံသ မဟာဝိသုတာရာမပရိယတ္တိစာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ ညောင်ဦးမြို့၊ မန္တလေးတိုင်း။

၁၃။ ဘဒ္ဒန္တ တေဇောဘာသ ကျောင်းသစ်ပရိယတ္တိစာသင်တိုက်၊ အမှတ်(၃)တန်းမြင့်ကျောင်းရပ်ကွက်၊ တောင်သာမြို့၊ မန္တလေးတိုင်း။

၁၄။ ဘဒ္ဒန္တ နန္ဒိသာရ သိဒ္ဓိအောင်ကျောင်း၊ ရှမ်းစု၊ ဆီးဘန်နီတိုက်၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။

၁၅။ ဘဒ္ဒန္တ သူရိယဓဇ စေတျာရာမကျောင်းတိုက်၊ ကိုင်းရှည်ရပ်ကွက်၊ တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်။

၁၆။ ဘဒ္ဒန္တ ဝိသုဒ္ဓ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုဌာန၊ ခေမာမဏ္ဍိုင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရွာကြီးမြောက်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

၁၇။ ဘဒ္ဒန္တ ဥဂ္ဂံသ ဓမ္မဇေယျာပရိယတ္တိစာသင်တိုက်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း။

၁၈။ ဘဒ္ဒန္တ ဥတ္တရ ဘန့်ဘွေးကျောင်းတိုက်၊ ဘန့်ဘွေးကျေးရွာ၊ နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၁၉။ ဘဒ္ဒန္တ ဉာဏိက ဒက္ခိဏာရာမတပ်ဦးကျောင်းတိုက်၊ တာလေ မြို့နယ်ခွဲ၊ တာချီလိတ်ခရိုင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။

၂၀။ ဘဒ္ဒန္တ သိလာနန္ဒ ရတနာစည်စာသင်တိုက်၊ လွိုင်လင်မြို့၊ ရှမ်းပြည်နယ်။

၂၁။ ဘဒ္ဒန္တ ပညာနန္ဒ သာသနဝိပုလ္လဓာတ်တော်ကျောင်းတိုက်၊ အမှတ်(၄)ရပ်ကွက်၊ လွိုင်လင်မြို့၊ ရှမ်းပြည်နယ်။

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၂၂။ ဘဒ္ဒန္တယိချိန် (Shi Yi Cheng) 25, Fuchengmennei Dajie, Beijing, China

၂၃။ Most Ven. Soulodh DANPAN̄NĀ Sirimongkul, Temple, Salavane District, Salavane Province, Lao PDR

မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ သုန္ဒရ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၊ မတားကိုးမိုင်သာသနာပြုဌာန၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တ ထေရဝံသ ထေရဝါဒ ဗုဒ္ဓသာသနာပြုပြသာဒ်ကျောင်း၊ နယ်စပ်ဒေသလူငယ်များ ဖွံ့ဖြိုးရေးပရဟိတ၊ ရွာသစ်မြို့နယ်ခွဲ၊ ဘော်လခဲမြို့နယ်၊ ကယားပြည်နယ်။

၃။ ဘဒ္ဒန္တ ပဏ္ဍိတ မင်္ဂလာရန်ကင်းကျောင်းတိုက်၊ သံတောင်မြို့၊ ကရင်ပြည်နယ်။

၄။ ဘဒ္ဒန္တ ပညာလင်္ကာရ ဝင်းကျုံကျောင်းတိုက်၊ ဇာသပြင်ကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။

၅။ ဘဒ္ဒန္တ နန္ဒသာရ ကြာအင်းပေါ်တော်မူ(ဝါးပိုးတော)သာသနာပြုဌာန၊ ကြာအင်းပေါ်တော်မူကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။

၆။ ဘဒ္ဒန္တ ဥတ္တမ(စလင်း) ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်း၊ မြို့မရပ်ကွက်၊ ကန်ပက်လက်မြို့၊ ချင်းပြည်နယ်။

၇။ ဘဒ္ဒန္တ ဣသရိယ အုဌ်လှေခါးကျောင်းတိုက်၊ ပရိမ္မစံပြကျေးရွာ၊ မြောင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၈။ ဘဒ္ဒန္တ မာဃိန္ဒာလင်္ကာရ ဇေယျာသုခကျောင်း၊ အင်းရွာစံပြကျေးရွာ၊ ကသာမြို့နယ်၊ စစ်ကိုင်းတိုင်း။

၉။ ဘဒ္ဒန္တဉာဏိန္ဒ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကိုးတစ်ဘုန်းစိုးရွာ၊ နေပြည်တော် ပျဉ်းမနား။

၁၀။ ဘဒ္ဒန္တ ပညာဝံသ ရွှေဟင်္သာကျောင်းတိုက်၊ ရွာသာကုန်းကျေးရွာ၊ ကျွန်းကုန်းကြီးအုပ်စု၊ ကြို့ပင်ကောက်မြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၁၁။ ဘဒ္ဒန္တ ဝိသုဒ္ဓါနန္ဒ သုခါရာမကျောင်းတိုက်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

စာမျက်နှာ ၆ သို့

စာမျက်နှာ ၅ မှ

၁၂။ ဘဒ္ဒန္တသုစိဏ္ဏာလင်္ကာရ စုက္ခရာ(စံပြ)မူလွန် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မှုတ်ရှည်အုပ်စု၊ ရွှေတံခါးကွက်သစ်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၁၃။ ဘဒ္ဒန္တစန္ဒောဘာသ ကံသစ်တောင်ကျောင်း၊ ကံသစ်ကျေးရွာ၊ စကုမြို့နယ်၊ မင်းဘူး၊ မကွေးတိုင်း။

၁၄။ ဘဒ္ဒန္တ ဝိသုဒ္ဓ ကံယာတောရတိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ စလေမြို့၊ ချောက်မြို့နယ်၊ မကွေးတိုင်း။

၁၅။ ဘဒ္ဒန္တ မာဃိန္ဒ ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အမှတ်(၁) မာဃိန္ဒာရာမဥယျာဉ်လေးကျောင်းတိုက်၊ မြောင်းဆုံငယ်အုပ်စု၊ ဥယျာဉ်ငယ်ကျေးရွာ၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်း။

၁၆။ ဘဒ္ဒန္တ ပညာဘောဂ အောင်မင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရပ်ကွက်(၄)၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၁၇။ ဘဒ္ဒန္တ ပဏ္ဍိတ အောင်မင်္ဂလာတောရဘုန်းတော်ကြီးသင်ပညာရေးနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်း၊ ဟွေရဲကျေးရွာ၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။

၁၈။ ဘဒ္ဒန္တ တေဇနိယ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။

၁၉။ ဘဒ္ဒန္တ ပဏ္ဍာဝံသ အမှတ်(၁)ထေရဝါဒဗုဒ္ဓသာသနာပြုဌာန၊ လှျမ်းပြည့်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မိုင်းရှူးတောင်ပေါ်ဒေသ၊ ဝမ်ကန်ရပ်၊ မိုင်းရှူးမြို့၊ ရှမ်းပြည်နယ်။

၂၀။ ဘဒ္ဒန္တ ဥေယျ ဇမ္ဗူထိန်လင်းကျောင်း၊ (၈)ရပ်ကွက်၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း။

၂၁။ ဘဒ္ဒန္တ ဝိမလသာရ ကူဒ္ဒိဇေယျာချမ်းမြေ့ရိပ်သာကျောင်းတိုက်၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ သင်ချောင်းကျေးရွာ၊ ဘိုကလေးမြို့နယ်၊ ဧရာဝတီတိုင်း။

၂၂။ ဘဒ္ဒန္တ သောဘဏ ရွှေကျောင်းကျောင်းတိုက်၊ မန်ကျည်းပင်ရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်း။

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၂၃။ ဘဒ္ဒန္တ ပညာလင်္ကာရ နလန္ဒာမြို့၊ တရုတ်ဗုဒ္ဓဘာသာကျောင်းတိုက်၊ ဘီဟာပြည်နယ်၊ အိန္ဒိယနိုင်ငံ။

၂၄။ Venerable Phra Anil Sakya (Ph.D)(Bhikkhu Sugandha)248.Wat Bovoranives Vihara, Bangkok,10200, THAILAND

၂၅။ ဘဒ္ဒန္တ မဏိဇောတိ ဒမ္မောဒယမြန်မာဝိဟာရကျောင်းတိုက်၊ ပီတာမရာဇ်ဘာဂ်မြို့၊ တောင်အာဖရိကနိုင်ငံ။

၂၆။ ဒေါက်တာဓမ္မသာမိ အောက်စဖို့ဒ် ဗုဒ္ဓဝိဟာရကျောင်းတိုက်၊ အောက်စဖို့ဒ်၊ အင်္ဂလန်နိုင်ငံ။

သီလရှင်ဆရာကြီးများ

၂၇။ ဒေါ်ပဏ္ဍိတမဉ္ဇူရီ ထေရဝါဒဗုဒ္ဓသာသနာပြု ပါရမီသီလရှင်စာသင်တိုက်၊ အမှတ်(၃)အောင်ချမ်းသာရပ်ကွက်၊ ဝိုင်းမော်မြို့၊ ကချင်ပြည်နယ်။

၂၈။ ဒေါ်ဝရဉာဏီ မင်္ဂလာသိဒ္ဓိစာသင်တိုက်နှင့် သီလရှင်ပညာရေး ကျောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

ပြည်ပလူပုဂ္ဂိုလ်

၂၉။ Ton gariodjo Jl Kapten Pattimura No.437, Medan 20153, North Sumatera Indonesia

သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသုန္ဒရ မာရ်အောင်ကျောင်း၊ ခတ်ချိုကျေးရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တ ဥက္ကဋ္ဌ သီရိဓဇကျောင်းတိုက်၊ နမ့်ဖားကျေးရွာ၊ ဗန်းမော်မြို့၊ ကချင်ပြည်နယ်။

၃။ ဘဒ္ဒန္တ တေဇသာရ ဆင်စွယ်ကျောင်းတိုက်၊ ဆင်စွယ်ရွာ၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၄။ ဘဒ္ဒန္တ ပညိန္ဒ ဖောင်တော်ဦးကျောင်းတိုက်၊ ပန်းထူးကျေးရွာ၊ ပန်းထူးကျေးရွာအုပ်စု၊ ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်း။

၅။ ဘဒ္ဒန္တ သုန္ဒရ မစိုးရိမ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်၊ အောင်ဇေယျာရပ်၊ ထီးချိုင့်မြို့၊ စစ်ကိုင်းတိုင်း။

၆။ ဘဒ္ဒန္တ နန္ဒိယ အမှတ်(၅)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရတနာစံပြကျောင်းတိုက်၊ သဲကျွန်းကျေးရွာ၊ မင်းကုန်းအုပ်စု၊ နေပြည်တော် ပျဉ်းမနား။

၇။ ဘဒ္ဒန္တ ဝိသုဒ္ဓါစာရ ဘုရားကုန်းကျောင်း၊ ကွင်းဆိပ်ရွာ၊ ရွှေကျင်မြို့နယ်၊ ပဲခူးတိုင်း။

၈။ ဘဒ္ဒန္တ အာသဘ ဒက္ခိဏာရုံကျောင်း၊ သက္ကလစံပြကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်း။

၉။ ဘဒ္ဒန္တ ဉာဏိဿရ ရွာလယ်ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း၊ ညောင်ပင်ကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်း။

၁၀။ ဘဒ္ဒန္တ ဥတ္တရ သပြေစမ်းကျောင်းတိုက်၊ သပြေစမ်းရွာ၊ ညောင်သုံးပင်အုပ်စု၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၁၁။ ဘဒ္ဒန္တ ရာဇိန္ဒ ဧရာဝတီကျောင်းတိုက်၊ ရေအိုးဇင်ရပ်၊ ချောက်မြို့နယ်၊ မကွေးတိုင်း။

၁၂။ ဘဒ္ဒန္တ ဝိလာသ လေသာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကန်သစ်ကျေးရွာ၊ မကွေးမြို့နယ်၊ မကွေးတိုင်း။

၁၃။ ဘဒ္ဒန္တ ဥတ္တရသာရ သီရိမင်္ဂလာသော်ကမြောင်ကျောင်းတိုက်၊ သော်ကမြောင်ကျောင်း မျိုးဆက်သစ်လူငယ်ပရဟိတဂေဟာနှင့် ဘုန်းတော်ကြီးသင် မူလွန်ပညာရေးကျောင်း၊ အောင်ခေမာရပ်ကွက်၊ တောင်စွန်းမြို့၊ မွန်ပြည်နယ်။

၁၄။ ဘဒ္ဒန္တ ကုဏ္ဍလ အမှတ်(၁)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (နံ့သာကျောင်း၊ဆင်တဲကျောင်းတိုက်)ပြည်ကြီးမျက်မှန်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၁၅။ ဘဒ္ဒန္တကဥ္စန ရှစ်မျက်နှာပရိယတ္တိစာသင်တိုက်၊မလှိုင်မြို့၊ မန္တလေးတိုင်း။

၁၆။ ဘဒ္ဒန္တနန္ဒောဘာသ ရေနားကျောင်းတိုက်၊ ကျောက်တံတားရွာ၊ လမိုင်းအုပ်စု၊ မတ္တရာမြို့၊ ပြင်ဦးလွင်ခရိုင်၊ မန္တလေးတိုင်း။

၁၇။ ဘဒ္ဒန္တ ဉာဏဝံသ ရတနာမိုး ပရဟိတဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း၊ ရေကမိုးကျေးရွာ၊ တံတားဦးမြို့နယ်၊ မန္တလေးတိုင်း။

၁၈။ ဘဒ္ဒန္တ ဝါယာမ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရွှေကျောင်းတိုက်၊ တောင်ပြုံးကျေးရွာ၊ တံတားဦးမြို့နယ်၊ မန္တလေးတိုင်း။

၁၉။ ဘဒ္ဒန္တ ဇောတိက စလေကျောင်း၊ မဟာဝိဇယရုံသီ စလေကျောင်းတိုက်၊ ချမ်းမြသာစည်(တောင်)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။

၂၀။ ဘဒ္ဒန္တ ဩဘာသ မော်ကျွန်းပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ရွှေပေါက်ကံမြို့သစ်၊(၂၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၂၁။ ဒေါက်တာ အရှင်ကောဝိဒ မဇ္ဈိမဂုဏ်ရှည်မဟာစည်သာသနာ့ ရိပ်သာ၊ (၁၀)တောင်၊ (၁၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။

၂၂။ ဘဒ္ဒန္တ ပုညနန္ဒ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်း၊ အမှတ်(၁၂)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၂၃။ ဘဒ္ဒန္တ တေဇောသာရ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ပန်ကြူသာသနာပြုဌာန၊ ပန်ကြူကျေးရွာ၊ ပန်ကြူအုပ်စု၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။

၂၄။ ဘဒ္ဒန္တ ဩဘာသ ထီးဆံကုန်းကျောင်းတိုက်၊ ယမ်းတွင်းငါးကြောင်အုပ်စု၊ ရပ်စောက်မြို့၊ ရှမ်းပြည်နယ်။

၂၅။ ဘဒ္ဒန္တ ဂုဏဝံသာလင်္ကာရ စူဠာမုနိကျောင်း၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၂၆။ ဘဒ္ဒန္တ ခေမိန္ဒ ဓမ္မပဇ္ဇောတာရုံ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပတ်လည်ရွာ၊ မဘေကျေးရွာအုပ်စု၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်း။

သီလရှင်ဆရာကြီးများ

၂၇။ ဒေါ်မာလာရီ မဟာပုညကာရီစာသင်တိုက်၊ မင်္ဂလာရပ်ကွက်၊ လှိုင်ကော်မြို့၊ ကယားပြည်နယ်။

၂၈။ ဒေါ်ဩဘာသီ ဇရိပ်မွန်(၂)ပရဟိတမိန်းကလေးကျောင်း၊ ချောင်းဦးမြို့၊ စစ်ကိုင်းတိုင်း။

၂၉။ ဒေါ်စန္ဒမာလာ ခေမာရာမသီလရှင်စာသင်တိုက်၊ သီလရှင်သင်အမျိုးသမီး ပညာရေးကျောင်း၊ အောင်ချမ်းသာရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း။

လူပုဂ္ဂိုလ်

၃၀။ ဦးအားဆို့ မင်္ဂလာလမ်းသွယ်၊ နွံ့နောအခါရွာ၊ မိုင်းယန်းလမ်း၊ အမှတ်(၄) ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ သူရိယ မိုးကုတ်ဝိပဿနာအေးရိပ်သာကမ္မဋ္ဌာန်းကျောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ တောရတပ်ဦးကျောင်းတိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

၃။ ဘဒ္ဒန္တ စန္ဒိမာ ပုဂံပြန်ကျောင်းတိုက်၊ ရွာသစ်ရပ်ကွက်၊ ကြံခင်းမြို့နယ်၊ ဧရာဝတီတိုင်း။

၄။ ဘဒ္ဒန္တ ကုဏ္ဍလ မဟာစည်သာသနာ့ရိပ်သာကျောင်း၊ တာငါးဆယ်မြောက်ရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်း။

၅။ ဘဒ္ဒန္တ သုဓမ္မိဿရ သီတာရုံကျောင်း၊ ရေကြည်မြို့၊ ဧရာဝတီတိုင်း။

မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဣန္ဒာစရိယ အတုလကာရီကျောင်းတိုက်၊ ဖိန်းကားရွာ၊ ရေဦးမြို့နယ်၊ စစ်ကိုင်းတိုင်း။

၂။ ဘဒ္ဒန္တ ဩဘာသ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ကြာနီကန် ရပ်ကွက်၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၃။ ဘဒ္ဒန္တ ဣန္ဒြိယ ဒီပါအေးမြမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ပေါက္ကူကျေးရွာ၊ ရေစကြိုမြို့နယ်၊ ပခုက္ကူခရိုင်၊ မကွေးတိုင်း။

ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ သုမန မြို့ဦးစေတီကျောင်းတိုက်၊ မော်ဝမ်းရပ်ကွက်၊ ဖားကန့်မြို့၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တ ကောသလဉာဏ သုဓမ္မစာရီသာသနာ့ဗိမာန်ကျောင်းတိုက်၊ ရုံးကြီးရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၃။ ဘဒ္ဒန္တ ဣသရိယ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ရွာဘဲနယ်မြေ၊ ရွှေဟင်္သာရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)။

၄။ ဘဒ္ဒန္တ ကောသဝ သီရိရိပ်ဝေ(မိုးကုတ်ရိပ်သာ)ကျောင်းတိုက်၊ အမှတ်(၁၅)ရပ်ကွက်၊ ချောက်မြို့၊ မကွေးတိုင်း။

၅။ ဘဒ္ဒန္တစန္ဒိမာ ရွှေကျောင်းရိပ်သာကမ္မဋ္ဌာန်းကျောင်း၊ ပေါက်ချောင်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၆။ ဘဒ္ဒန္တ ရာဇိန္ဒ မင်းကွန်းတောရကျောင်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၇။ ဘဒ္ဒန္တ သုနန္ဒ မဉ္ဇူကျောင်း၊ ရန်အောင်ကျောင်းတိုက်၊ သန္တာ(၁၇)လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်

၁။ ဦးလှဟန် ဗိုလ်ချုပ်လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂။ ဦးသန်းထွန်း မန်ကျီးကုန်းလမ်း၊ ချမ်းမြေ့သာစည်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၃။ ဦးစိုးနိုင် ဒေါင်းမကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၄။ ဦးဖိုးသာ မြို့မရပ်၊ စလင်းမြို့၊ မကွေးတိုင်း။

၅။ ဦးနန္ဒ အမှတ်(၁)၊ အနော်ရထာလမ်း၊ မြို့မရပ်၊ မိုးကုတ်မြို့၊ ပြင်ဦးလွင်ခရိုင်၊ မန္တလေးတိုင်း။

၆။ ဦးအောင်နိုင်ဆွေ အမှတ်(၃၄၆-ဘီ)၊ ၈၄လမ်း၊ ၃၉×၄၀ကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

၇။ ဦးဗိုလ်ချုပ် အမှတ်(၁)ရပ်ကွက်၊ စဉ့်ကူးမြို့နယ်၊ မန္တလေးတိုင်း။

၈။ ဦးတင်အောင်ဝင်း အမှတ်(၁၇)၊ အောင်နီလာလမ်း၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း။

၉။ ဦးလှဝင်းအောင် အမှတ်(၆၉)၊အခန်း(၅၀၇)၊ယုဇနကွန်ဒိုတာဝါ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်

၁။ ဒေါ်နန်းငွေရီ အမှတ်(၂၄)၊ ရှမ်းစုရပ်၊ လောပိတလမ်း၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။

၂။ ဒေါ်တင်နု ရန်ကြီးအောင်လမ်း၊ အမှတ်(၃)ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။

၃။ ဒေါ်လှခင် အကွက်(၃၅၃)၊ စိန်ပန်းသပြုုံးရပ်၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၃၃၄)၊ ၈၄×၃၉လမ်းထောင့်၊ မန္တလေးမြို့၊ မန္တလေးတိုင်း။

၄။ ဒေါ်ခင်ရှိန် မ/၂၃၅၊ ဝါးတန်းလမ်း၊ ဈေးရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၅။ ဒေါ်ခင်လှသင်း အကွက်အမှတ်(ခ/၃၆)၊ ၈၃-၂၀လမ်း၊ ပုလဲငွေရောင်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၆။ ဒေါ်ငွေးငွေးခိုင် အကွက်(၇၀၆)၊ ၂၇၅လမ်း၊ ၃၂-၃၃လမ်းကြား၊ မောရဂီဝါရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်း။

၇။ ဒေါ်ငြိမ်းငြိမ်း(ခ)ဒေါ်ငြိမ်းငြိမ်းနိုင် အမှတ်(၄၅/၄၆)၊ ခိုင်ရွှေဝါလမ်းနှင့် မနော်ဟရီလမ်းကြား၊ ၆၈လမ်း၊ ဆ-၁၂ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။

၈။ ဒေါ်သန်းသန်း အမှတ်(၆/ဂ)၊ ဇေယျာသီရိလုံးချင်းအိမ်ရာ၊ ၈၈-၈၉ကြား၊ ၃၅လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၉။ ဒေါ်တင်မြ အမှတ်(၈၂)၊ ဒဂုံသီရိလမ်း၊ အထက်ကျောက်မြောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။

၁၀။ ဒေါ်စန်းစန်းမော် အမှတ်(၂၇)၊ ဥယျာဉ်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၁၁။ ဒေါ်ချောစုမြတ် အမှတ်(၇/အေ)၊ မြေနီကုန်းပလာဇာ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၂။ ဒေါ်ဥမ္မာမြင့် အမှတ်(၁၄၂)၊ မြေညီထပ်၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

အမိန့်အရ

(ပုံ)

သီဟသူရတင်အောင်မြင့်ဦး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့ လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီး ဝန်ကြီးချုပ်များက လွတ်လပ်ရေး နေ့သဝဏ်လွှာများ ပေးပို့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာဟူကျင်တောင်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအနေဖြင့် လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပါးအပ်ပါကြောင်း၊ တရုတ်-မြန်မာဆက်ဆံရေးသည် ကာလကြာရှည်စွာဖြင့် ချစ်ကြည်ရင်းနှီးလျက်ရှိပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က သဝဏ်လွှာပေးပို့ရာတွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရန် အတူတကွ လက်တွဲကြိုးပမ်းသွားမည် ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ရန်ကျဲချိုက သဝဏ်လွှာပေးပို့သည်။

ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ

၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ဦးစီးလွှတ်တော် သဘာပတိအဖွဲ့ဥက္ကဋ္ဌ မစ္စတာကင်ယုံနမ်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ကိုရီးယားပြည်သူများအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော် ကျန်းမာပျော်ရွှင်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့သည် အပြန်အလှန်လေးစားမှု၊ အပြန်အလှန် ထောက်ခံအားပေးမှုများအပေါ် အခြေခံလျက် ချစ်ကြည်ရင်းနှီးကြသည့် နိုင်ငံများဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်း ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့ ဝန်ကြီးချုပ် မစ္စတာကင်ယုံအီးက လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအပေါ် နှစ်ထောင်းအားရ ကျေနပ်မှုရှိပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာပတ်ယွီချွမ်းက သဝဏ်လွှာ ပေးပို့သည်။

ဆော်ဒီအာရေဗျနိုင်ငံ

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင် အဗ္ဗဒူလာဘင်အဗ္ဗဒူလ်အာဇစ်အယ်လ်ဆာအုဒ် ထံမှ လွှတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးအခါသမယတွင် ဆော်ဒီအာရေဗျနိုင်ငံအစိုးရအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာသဝဏ်လွှာပါးအပ်ပါကြောင်း၊ ဆော်ဒီအာရေဗျနှင့် မြန်မာနိုင်ငံတို့အကြား ဆက်ဆံရေးသည် ကာလကြာရှည်စွာ ရင်းနှီးလျက်ရှိပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ဆော်ဒီအာရေဗျနိုင်ငံ အိမ်ရှေ့မင်းသား ဆူလ်တန်ဘင်အဗ္ဗဒူလ် အာဇစ်အယ်လ်ဆာအုဒ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတငုယင်မင်ကျစ်ထံမှ လွှတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူများအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့် လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာသဝဏ်လွှာပါးအပ်ပါကြောင်း၊ အဆွေတော် ကျန်းမာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ လာမည့်နှစ်များအတွင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာငုယင်တန်ဇွန်းက သဝဏ်လွှာပေးပို့ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆက်ဆံရေးနှင့် အိမ်နီးချင်းကောင်းပီသစွာ ပူးပေါင်းဆောင်ရွက်မှုများမှသည် ဗီယက်နမ်နှင့် မြန်မာနိုင်ငံပြည်သူများအကြား ဆက်ဆံရေး ပိုမိုခိုင်မာစေပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဟု မျှော်လင့်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဖန်ဇာစီယမ်းက သဝဏ်လွှာပေးပို့သည်။

ကမ္ဘောဒီးယားနိုင်ငံ

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်မစ္စတာဆမ်ဒက်အာခါ မိုနာဆီနာပါတိုင်းတဲ့ ချီုဟွန်ဆင်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘောဒီးယားပြည်သူများအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အဆွေတော်ကျန်းမာပျော်ရွှင်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အပြန်အလှန်လေးစားမှု၊ အပြန်အလှန် ထောက်ခံအားပေးမှုများအပေါ် အခြေခံလျက် ချစ်ကြည်ရင်းနှီးကြသည့် နိုင်ငံများဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာဟော်နမ်ဟောင်က သဝဏ်လွှာ ပေးပို့သည်။

အိန္ဒိယသမ္မတနိုင်ငံ

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာ ဒေဗီဆင်းပတေးလ်က သဝဏ်လွှာပေးပို့ရာတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်သွားမည် ဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ်(၁)ဖြန့်ချီ

ရန်ကုန် ဇန်နဝါရီ ၃

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ်(၁)၌ 'ဘာတွေပေးလို့ဘာတွေရမလဲ ၂၀၀၉' အထူးသတင်းဆောင်းပါးနှင့်အတူ လေယာဉ်မှူးလိုင်စင်သင်တန်း မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖွင့်မည်၊ နှစ် ၁၀၀ကျော်က ပန်းချီဆုဆိုင်ရာအမှတ်တံဆိပ်တစ်ခု ထိန်းသိမ်းထား၊ ခရီးသွားကုမ္ပဏီ ၈၄ခုကို လုပ်ငန်းလိုင်စင်ပယ်ဖျက်၊ မဆင်မခြင်ထုတ်ယူမှုများကြောင့် သစ်တောထွက်ပစ္စည်းတချို့ရှားပါးလာ၊ ကြက်သွန်ဈေးများကျဆင်းသောကြောင့် ၂၀၀၉တွင် ကြက်သွန်စိုက်သူဦးရေ လျော့နည်းဖွယ်ရှိ၊ ငါးဖမ်းစက်လှေများ မြန်မာစာတန်းထိုး ဂျီပီအက်စ်များသုံးစွဲလာ စသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ ဦးသန့်ကိုယ်တိုင်ရေးသားခဲ့သည့် View From the UN စာအုပ်မှ The Search For A Secretary General အပိုင်းကို ကောက်နုတ်ပြန်ဆိုထားသည့် 'ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရှာပုံတော်-၄' သမိုင်းမော်ကွန်းသုံးသပ်ဆောင်းပါးဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ဘားရတ်အိုဘားမားရေး၍ ကိုကို(စက်မှုတက္ကသိုလ်) ဘာသာပြန်ဆိုထားသော 'အဖေ့ဆီက အိပ်မက်များ(၆)'၊ 'ဂျာမနီဟာ ဥရောပရဲ့ဦးဆောင်မှုအခန်းကဏ္ဍကနေ ပျောက်ဆုံး နေတာဖြစ်တယ်' ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဂျို့ရှကာဖစ်ရှာနှင့် စပီဂျဲလ်မဂ္ဂဇင်းတို့တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ ပါကစ္စ တန်-အိန္ဒိယနှစ်နိုင်ငံဆက်ဆံရေးပြေလည်မှု အလှမ်းဝေးနေလေမလား၊ အာရှ၏မျက်နှာ ဆုရရှိသူမော်ဒယ် ကိုယ့်ကိုယ်ကို အဆုံးစီရင်၊ ဆရာ၏ရိုက်နှက်ပြစ်ဒဏ်ပေးမှုကြောင့် ကျောင်းသားငယ်အသက်ဆုံးရှုံး၊ ကမ္ဘာ့ပထမဆုံးကားပျံများ လမ်းများပေါ်တွင်မောင်း နှင်နိုင်တော့မည်၊ မယ်လမင်းပါဝင်သောနို့မှုန့်ထုတ်လုပ်သည့် ကုမ္ပဏီ၏အမှုဆောင် အရာရှိ သေဒဏ်ကျခံရဖွယ်ရှိ၊ မသေချာသောအနာဂတ်ကြောင့် အလုပ်လက်မဲ့ဖိလစ်ပိုင် အလုပ်သမားများ နေရပ်သို့ပြန်၊ အာရှတွင် အလွန်ကြီးမားသော သဘာဝကပ်ဘေး ဒုက္ခနှင့်ရင်ဆိုင်ရဖွယ်ရှိ၊ ဆော်ဒီလူမျိုးတို့အား ငွေရောင်ပိတ်ကားပေါ်တွင် ရုပ်ရှင်ကြည့်ရှုခွင့်ပိတ်ပင်ထားရာမှလိုက်လျောလာ စသည့် နိုင်ငံတကာထူးထူးဆန်းဆန်း သတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချီထားသည်။ **(သတင်းစဉ်)**

အထက မုတ္တမ တတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

မွန်ပြည်နယ် ပေါင်မြို့နယ် အထက မုတ္တမ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ရက် နံနက် ၉နာရီက မုတ္တမမြို့ အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမဆောင်၌ကျင်းပရာ **(ယာပုံ)** ပူဇော်ပွဲသို့ တက်ရောက်လာကြသော အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီး ၇၀တို့အား ကျောင်းသားဟောင်း၊ ကျောင်းသူဟောင်းများက ဩကာသကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြသည်။

ယင်းနောက် ဆရာမကြီးဒေါ်စောမြိုင်၊ ဆရာကြီး ဦးအောင်မြင့်နှင့် ဆရာကြီး ဦးလှဖေတို့က ဩဝါဒစကားများ ပြောကြားကြသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၃

ပုလောမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၈ခုနှစ် သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၄ရက် (စနေနေ့)တွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

စီးတီးအက်ဖ်အမ်မှ အစီအစဉ်သစ်ထုတ်လွှင့်မည်

စီးတီးအက်ဖ်အမ်မှ ဇန်နဝါရီလဆန်းပိုင်းတွင် အစီအစဉ်သစ်တစ်ခုထပ်မံထုတ်လွှင့်ပေးမည်ဖြစ်သည်။ အဆိုပါအစီအစဉ်မှာ ကလေးများအတွက် ရည်ရွယ်ထုတ်လွှင့်မည့် City Kids အစီအစဉ်ဖြစ်ပြီး ဇန်နဝါရီဒုတိယပတ် စနေနှင့် တနင်္ဂနွေနေ့များတွင် မွန်းလွဲ ၁နာရီ၌ ထုတ်လွှင့်မည်ဖြစ်သည်။

စီအင်န်ဂျီယာဉ်များစည်းကမ်းနှင့်အညီဆောင်ရွက်မှု စစ်ဆေးမည်

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၂ရက်က ကျင်းပခဲ့ရာ စီအင်န်ဂျီ အသုံးပြုမော်တော်ယာဉ်လိုင်းများကို ပြည်သူများစိတ်ချစွာ စီးနင်းနိုင်ရေးအတွက် တပ်ဆင်ထားသော စီအင်န်ဂျီအိုးများကို ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းများ စည်းကမ်းနှင့်အညီ ဆောင်ရွက်မှုများကို ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ စစ်ဆေးဆောင်ရွက်မည်ဟု သိရသည်။

ရုပ်ရှင်သရုပ်ဆောင်အခြေခံသင်တန်း ပညာဒါနဖွင့်မည်

ရွှမဝရုပ်ရှင်သရုပ်ဆောင်သင်တန်းမှ ပညာသင်ယူခဲ့ကြသော သင်တန်းသားဟောင်းများက ဆရာရွှမဝဦးကျော်နည်းတူ ရုပ်ရှင်သရုပ်ဆောင် အခြေခံသင်တန်း ပညာဒါန(အခမဲ့) သင်တန်းဖွင့်မည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ပြီး ဇန်နဝါရီ ၁၀ရက် နောက်ဆုံးထား၍ အမှတ် ၂ မိုးကောင်းလမ်း စံကားဝါခန်းမ ရန်ကင်းမြို့နယ် ဖုန်း-၅၄၁၀၀၂ သို့ ဆက်သွယ်စုံစမ်း လျှောက်ထားနိုင်သည်။

မရမ်းကုန်း စာပေစာနယ်ဇင်းနှစ်ပတ်လည်စည်းဝေးမည်

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၀၈ခုနှစ် နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ၁၇ရက်(စနေနေ့)မွန်းတည့်၁၂နာရီတွင် မရမ်းကုန်းမြို့နယ် အထက(၁)စန္ဒိမာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်-မန္တလေး ဈေးသဘော်ထွက်မည်

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်-မန္တလေးဈေးသင်္ဘော ခေါက်ရေ(၁) မြစ်ရေယာဉ်သည် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ယခုလအတွင်း ထွက်ခွာမည်ဖြစ်ရာ ကုန်တင်ဆောင်ရောင်းချလိုသူများ ဖုန်း-၂၉၂၁၉၉၊ ၂၉၂၃၁၉တို့သို့ဆက်သွယ်ဆောင်ရွက်နိုင်သည်။

ဂျီတီအိုင်ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်မည်

ဂျီတီအိုင်ကျောင်းသားဟောင်းများ၏ (၇)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ရန်ကုန် တောင်ဥက္ကလာပဂေါက်ကွင်း၌ ဇန်နဝါရီ၁၁ရက် နံနက်၁၀နာရီတွင် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများ ဖုန်း-၅၃၀၀၁၆၊ ၅၁၉၈၆၃တို့သို့ ဆက်သွယ်နိုင်သည်။

ရန်ကုန်မီဒီယာဂရု(ပ်)စတုတ္ထအကြိမ် နှစ်ပတ်လည်ကျင်းပ

ရန်ကုန်မီဒီယာဂရု(ပ်) စတုတ္ထအကြိမ် နှစ်ပတ်လည်အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ Excel Treasure Hotel၌ ဇန်နဝါရီ၁ရက် ညနေ၆နာရီက ကျင်းပရာ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်မီဒီယာဂရု(ပ်)မှ တာဝန်ရှိသူများက ဝန်ထမ်းများအား ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ကြံခင်းအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ၁ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်း ဗဟန်းအားကစားကွင်းဝင်းအတွင်းရှိ M-3 Food Center ၌ ကျင်းပမည်ဖြစ်သည်။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

4-1 (07).pmd 1 1/4/2009, 2:07 AM

(၆၁) နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုသတင်းမြင်ကွင်း

ရန်ကုန် ဇန်နဝါရီ ၃

(၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက်၌ ဇန်နဝါရီ၃ရက်က ချောတိုင်တက်ပွဲကျင်းပရာ အလံဆွတ်ခူးရရှိသူတစ်ဦးအား တွေ့ရစဉ်။

မင်္ဂလာတောင်ညွန့်မြို့နယ် ကိုယ့်အားကိုယ်ကိုး လမ်းသစ်ဖွင့်

(၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု၍ ဇန်နဝါရီ၃ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ကိုယ့်အားကိုယ်ကိုး သံကူကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို လမ်းထိပ်မုခ်ဦး၀တွင် ကျင်းပသည်။ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးကျော်သန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးချစ်ကိုကို၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊လမ်းသာယာရေးကော်မတီဥက္ကဋ္ဌ ဦးအေးမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

စုပေါင်းထည့်ဝင်

သပြေကုန်းရပ်ကွက် ၁၂၄လမ်းမှာ အလျားပေ ၁၀၆၅၊ အကျယ် ၄၃ပေရှိပြီး သံကူကွန်ကရစ်လမ်းဖြစ်သည်။ ရပ်ကွက်လူထုစုပေါင်းထည့်ဝင်ငွေ ကျပ် သိန်း၇၀၀ကုန်ကျခဲ့ကြောင်း သိရသည်။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအထိမ်းအမှတ်အားကစားပြိုင်ပွဲကိုမင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက်၌ ကျင်းပရာ အုန်းသီးလု ပြိုင်ပွဲကိုတွေ့ရစဉ်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းမိသားစု အားကစားပြိုင်

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ၂၉ရက်မှ ဇန်နဝါရီ၂ရက်အထိ အရှေ့ပိုင်းခရိုင် ဦးစီးဌာနမှူးရုံး အားကစားပြိုင်ကွင်း၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးလှဒေါင်းနှင့် ဒုတိယတိုင်း ဦးစီးဌာနမှူး၊ တိုင်းအတွင်း လေးခရိုင်မှ ခရိုင်ဦးစီးဌာနမှူးများ၊ မြို့နယ်ဦးစီး ဌာနမှူးများ၊ ဝန်ထမ်းများ စုံညီစွာတက်ရောက်၍ တပျော်တပါး ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

ဆက်လက်၍ ဇန်နဝါရီ ၂ရက်တွင် အမျိုးသားပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲ ဗိုလ်လုပွဲကိုကျင်းပရာ တာမွေမြို့နယ် ဦးစီးဌာနမှူးရုံးအဖွဲ့က ဗိုလ်စွဲပြီး အထူးပွဲစဉ်အဖြစ် ပိုက်ကျော်ခြင်းခတ် ယှဉ်ပြိုင်ကြရာ ခရိုင်ဦးစီးဌာနမှူးရုံးအဖွဲ့က အနိုင်ရရှိသည်။ ဆက်လက်၍ အမျိုးသမီးလွန်ဆွဲပြိုင်ပွဲ ဗိုလ်လုပွဲကို ကျင်းပရာ **(အောက်ပုံ)** တာမွေမြို့နယ် ဦးစီးဌာနမှူးရုံးအဖွဲ့က ဗိုလ်စွဲပြီး အထူးပွဲစဉ်အဖြစ် တိုင်းရုံးအမျိုးသမီးအဖွဲ့က အနိုင်ရရှိခဲ့သည်။

နွားထိုးကြီးမြို့နယ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ၃ရက် နံနက်၇နာရီက ရွှေတိုးဂေါက်ကလပ်အသင်း၌ ကျင်းပရာ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ ရွှေတိုးဂေါက်ကလပ်အသင်းဥက္ကဋ္ဌ ဦးဝင်းမာနှင့် အမှုဆောင်များ တက်ရောက်ကြပြီး မြင်းခြံ-ကျောက်ဆည်-မလှိုင်-ဝမ်းတွင်းနှင့် နွားထိုးကြီးမြို့နယ်များမှ ဂေါက်သီးရိုက်အားကစားသမား ၆၁ဦး ပါဝင်ဆင်နွှဲကြသည်။

သနပ်ပင်မြို့ အနော်ရထာ ဂဝံလမ်းသစ်ဖွင့်

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် စက်ကုန်းပိုင်းရပ်ကွက်ရှိ အနော်ရထာ ဂဝံလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၈ရက် နံနက်၈နာရီတွင် အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ပြည်မြို့နယ် မြို့သစ်(၄)လမ်း ကတ္တရာလမ်းသစ်ဖွင့်

ဒီဇင်ဘာ ၂၉ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် မြို့သစ်(၄)လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် တက်ရောက်ချီးမြှင့်ပြီး ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ညွန့်၊ ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဟသ္သာတ တာလေးကွက်သစ် ကျောက်ချောလမ်းသစ်ဖွင့်

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဟသ္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် (မြို့ပြ/ငွေလုံးငွေရင်း)လုပ်ငန်းအဖြစ် အဖွဲ့ရန်ပုံငွေကျပ် ၅၄၉၀၀၀၀၊ ပြည်သူလူထုထည့်ဝင်ငွေ ကျပ် ၃၂၅၀၀၀၀ စုစုပေါင်းကုန်ကျငွေ ကျပ် ၈၇၄၀၀၀၀ ဖြင့် (၁၇၁၈ပေx၁၀ပေx၇လက်မ)အတိုင်းအတာ ဆောင်ရွက်ပေးခဲ့သော တာလေးကွက်သစ်လမ်းကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ရက် နံနက်၉နာရီတွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တက်ရောက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်နှင့်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

(၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပခုက္ကူမြို့နယ်အမှတ်(၂)ရပ်ကွက်ရှိ ရုပ်စုံကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ၁ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးသက်ပိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထွန်းစိန်နှင့် ခရိုင်တာဝန်ခံ ဦးကျော်တင့်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

မြင်းခြံမြို့နယ် ကျေးလက်စက်ရေတွင်းဖွင့်

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကျောက်ရံကျေးရွာစက်ရေတွင်းဖွင့်ပွဲအား အဆိုပါစက်ရေတွင်းရှေ့ မင်္ဂလာမဏ္ဍပ်၌ ဇန်နဝါရီ၃ရက် နံနက်ပိုင်းက ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်း ရေးမှူးဦးဝင်းရွှေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ စက်ရေတွင်းမှာ ၄လက်မ ပေ၄၁၀ရှိပြီး ရေထွက်နှုန်း တစ်နာရီလျှင် ဂါလန် ၁၅၀၀ရှိကြောင်းနှင့်စက်ရေတွင်းမှရေကို အမြင့်တင်ရေစင်သို့တင်ပြီးကျေးရွာတွင်းအိမ်များသို့ အိမ်တိုင်ရာရောက်ရေပေးဝေမှုစနစ်ဖြင့် သောက်သုံးရေဖြန့်ဝေလျက်ရှိပြီး ကျေးရွာနေပြည်သူ၃၅၅ဦးအား အကျိုးပြုလျက်ရှိကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

နေပြည်တော်ပျဉ်းမနား-မြို့ဟောင်း ဒွေးလမ်းမှ မန္တလေးမြို့သို့ ခရီးသည်တင်ရထား စတင်ထွက်ခွာခဲ့စဉ်က မြင်ကွင်း။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဒို့လျှောက်ရမည့်လမ်း

* မျိုးမွေစစ်ကို ထိန်းစေလို
ဒို့တိုင်းရင်းသား ချစ်ညီအစ်ကို
အမျိုးအတွက်ဆို အသက်ပေး
ရယူခဲ့တဲ့ လွတ်လပ်ရေး။

* သင်းပျံ့ထုံမွှေး ဖူးပွင့်ညီ
၆၁ နှစ် တိုင်လေပြီ။
သွေးချင်းစုံညီ ရွှင်ပျော်နွှဲ
လွတ်လပ်ရေး အောင်ပွဲ။

* လက်တွဲညီညီ လျှောက်လှမ်းချီ
အနာဂတ်ရဲ့ ဒို့ရွှေပြည်။
ဒီမိုကရေစီ လမ်းမှန်ပြ
ရှေ့ဆက်သွားမည့် မူဝါဒ။

* သောင်းသောင်းဖြဖြ စိတ်ဝမ်းညီ
ခေတ်မီနိုင်ငံတော်သစ်ဆီ။
ကမ္ဘာနှင့်အညီ ရင်ပေါင်တန်း
ဒို့လျှောက်ရမည့်လမ်း။ ။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက်-

နရည်

(၆၁) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု

၂၀၀၈ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး(ရထားလမ်း)ကဏ္ဍ တိုးတက်မှုမြင်ကွင်း

နိုင်ငံတစ်ဝန်း ရထားလမ်းပိုင်းများကို တိုးချဲ့ဖောက်လုပ် ဖွင့်လှစ်ပြေးဆွဲပေးခဲ့ခြင်းဖြင့် တိုင်းရင်းသား ပြည်သူတို့၏ ကူးသန်းဆက်သွယ် သွားလာမှု ပိုမိုလွယ်ကူချောမွေ့လာခဲ့သည်။

စဉ်	ရထားလမ်းပိုင်းအမည်	တည်နေရာဒေသ	လမ်းအရှည်	ဖွင့်လှစ်သည့်နေ့
၁	ကြံခင်း-ဥသျှစ်ပင်	ပဲခူးတိုင်း၊ ပန်းတောင်းမြို့နှင့် ဧရာဝတီတိုင်း၊ ကြံခင်းမြို့	၃၈မိုင်	၁-၃-၂၀၀၈
၂	ပျော်ဘွယ်-ဘုရားငါးဆူ	မန္တလေးတိုင်း၊ ပျော်ဘွယ်မြို့	၁၆.၁၉မိုင်	၂၀-၁၁-၂၀၀၈

ပဲခူးတိုင်း(အနောက်ပိုင်း)နှင့်ဧရာဝတီတိုင်းတို့ကို ဆက်သွယ်ဖောက်လုပ်ထားသော အရှည်၃၈မိုင်ရှိ ကြံခင်း-ဥသျှစ်ပင်လမ်းပိုင်း ဖွင့်ပွဲကို ၂၀၀၈ခုနှစ် မတ် ၁ရက်ကကျင်းပရာ ဖွင့်ပွဲအပြီးတွင် ဤသို့ ရထား စတင်ခုတ်မောင်းခဲ့သည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဒေသခံပြည်သူများ ကူးသန်းသွားလာမှု လွယ်ကူစေရန် အရှည် ၁၆ဒသမ၁၉မိုင်ရှိ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းပိုင်းကို ၂၀၀၈ခုနှစ် နိုဝင်ဘာ ၂၀ရက်က ဖွင့်လှစ်ပေးခဲ့ရာ ရထားခုတ်မောင်းလာသည်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

အမှာစကား ပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၈-၂၀၀၉ပညာသင်နှစ် ပညာရေး စုံညီပွဲတော် ထူးချွန်ဆုများချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● ကျောဖုံးမှ

ကြည့်ရှုအားပေး

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် အဖွဲ့ဝင်များနှင့်အတူ ၂၀၀၈-၂၀၀၉ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ပညာရေးဖွံ့ဖြိုးမှုပြခန်း၌ ပြသထားသော ဓာတုဗေဒလက်တွေ့ခန်းသုံးပစ္စည်းများ၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုပြခန်း၌ ပြသထားသော လွယ်အိတ်၊ ရွှေချည်ငွေချည်ထိုးအထည်များ၊ ပုဆိုးနှင့် အဝတ်အထည်များ၊ ယွန်းထည်ပစ္စည်းများ၊ နှီးဦးထုပ်များ၊ ဂျပ်ခုတ်အထည်များ၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ သင်ကြားသင်ယူမှုပြကွက်၊ ပညာရေးဆိုင်ရာ စွမ်းဆောင်မှုမှတ်တမ်းများပြကွက်၊ ၂၀၀၈ခုနှစ် အခြေခံစာတတ်မြောက်ရေး လုပ်ဆောင်ချက်များ၊ ၂၀၀၈ခုနှစ် အခြေခံ စာတတ်မြောက်ရေးဆောင်ရွက်မှုနှင့် ရပ်ရွာပညာပဒေသာဌာန

ပေးအပ်ချီးမြှင့်

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်စွမ်းရည်ပြိုင်ပွဲ ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အပြည်ပြည်ဆိုင်ရာ အားကစား ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထူထောင်မှုအခြေအနေ၊ သိပ္ပံလက်တွေ့နှင့် ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ၊ တက္ကသိုလ်များမှ ပြသထားသည့် နေရောင်ခြည်နှင့်လေတို့မှ စွမ်းအင်ထုတ်ယူ အသုံးပြုမှု၊ ရူပဗေဒ လက်တွေ့ခန်းသုံးပစ္စည်းများ၊ အထွေထွေသိပ္ပံခန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ထူးချွန်ဆုများချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ အခမ်းအနားမှူးများအဖြစ် နေပြည်တော် ပျဉ်းမနား မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မဥရွှေစင်နှင့် အဋ္ဌမတန်းကျောင်းသူ မတင်ထက်ထက်လွင်တို့က ဆောင်ရွက်ကြသည်။

သီဆိုဂုဏ်ပြု

ရှေးဦးစွာ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများချီးမြှင့်ပွဲ အခမ်းအနားကို နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **“နိုင်ငံတော်သီချင်း”** ကို တီးမှုတ်ဖွင့်လှစ်ပြီး **“မြန်မာ့ကျောင်း”** သီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

အမှာစကားပြော

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာ၌ မိမိတို့တစ်မျိုးသားလုံး၏ အမျိုးသားရေးပန်းတိုင်အဖြစ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာတွင် နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုများအရ ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကို အမျိုးသားရေးအသိအမြင် နိုးကြားထက်သန်စွာ ရင်ဆိုင်နိုင်စွမ်းရှိမည့် လူ့စွမ်းအား အရင်းအမြစ်များကို အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် စီမံကိန်းလုပ်ငန်းစဉ်များ ချမှတ်ပြီး လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း။

ပါဝင်ဆင်နွှဲ

ပညာသင်နှစ်အလိုက် ဘက်စုံပညာရေးလုပ်ငန်းများတွင် ထူးချွန်စွာ စွမ်းဆောင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ၁၉၉၈-၁၉၉၉ ပညာသင်နှစ်ကစတင်ပြီး နှစ်စဉ်ကျင်းပသော ပညာရေးစုံညီပွဲတော်များ၌ ထူးချွန်ဆုများ ချီးမြှင့်ဂုဏ်ပြုလျက်ရှိကြောင်း၊ ယနေ့ကျင်းပသည့်၂၀၀၈-၂၀၀၉ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို နေပြည်တော်၌ ကျင်းပလျက်ရှိနေသကဲ့သို့ နိုင်ငံတစ်ဝန်းလုံးတွင်ရှိသောပညာရေးတက္ကသိုလ်များ၊ ပညာရေးကောလိပ်များ၊ အခြေခံပညာကျောင်းများ၌ ကျင်းပနေသည့် ပညာရေးစုံညီပွဲတော်များတွင်လည်း ပညာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ မိဘပြည်သူများ၊ကျောင်းသား ကျောင်းသူများနှင့် ပညာရေး စေတနာရှင်များအားလုံးသည် တပျော်တပါး ပါဝင်ဆင်နွှဲနေကြကြောင်း။

ဝမ်းမြောက်ဂုဏ်ယူ

ယခုကဲ့သို့ နှစ်စဉ်ဂုဏ်ပြုခဲ့သော အစဉ်အလာနှင့်အညီ ယခုနှစ်တွင်လည်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွင်း ဘက်စုံ ပညာထူးချွန်နှင့် ဘာသာရပ်ထူးချွန် ကျောင်းသား ကျောင်းသူများ၊ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းအပ်နှံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ၌ ထူးခြားစွာ ပညာသင်ယူခွင့် ရရှိလာကြသည့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရကျောင်းများကို ယနေ့ကျင်းပသော အခမ်းအနားတွင် ဂုဏ်ပြုချီးမြှင့်နိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း။

၂၀၀၁-၂၀၀၂ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့သည့် အမျိုးသားပညာရည်မြင့်မားရေး နှစ်ရှည်စီမံကိန်းသည် ယခု ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ဒုတိယနှစ်တို ငါးနှစ်စီမံကိန်း၏ တတိယနှစ်အဖြစ် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် စီမံကိန်းလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ချမှတ်အကောင်အထည်ဖော်လျက်ရှိနေကြောင်း။

အကောင်အထည်ဖော်

အခြေခံပညာကဏ္ဍအနေဖြင့် ပထမနှစ်တို ငါးနှစ်စီမံကိန်းကာလအတွင်း ကျောင်းနေရွယ် ကလေးတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူမှုအခွင့်အလမ်းများကို ထိရောက်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဒုတိယနှစ်တိုငါးနှစ်စီမံကိန်းကာလအတွင်းတွင် အခြေခံပညာအဆင့်အတန်းအလိုက် ပညာရေးအရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိကြောင်း။

လက်ရှိ ပညာသင်နှစ်အတွင်းတွင် နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းပေါင်း လေးသောင်းကျော်၌ ဆရာ၊ ဆရာမအင်အား နှစ်သိန်းခြောက်သောင်းကျော်က ကျောင်းသား၊ ကျောင်းသူပေါင်းရှစ်သန်းကျော်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ကျောင်းနေရွယ် အရွယ်မရောက်သေးသည့် ကလေးများအား ပြုစုပျိုးထောင်နိုင်ရေးအတွက် အခြေခံပညာကျောင်းများ၌ မူလတန်းကြိုကျောင်းများ တိုးချဲ့ဖွင့်လှစ်မှု၊ မိမိတို့ရပ်ရွာအလိုက် အလယ်တန်းပညာ အလွယ်တကူ တက်ရောက်သင်ယူခွင့်ရရှိရေးအတွက် မူလတန်းလွန်ကျောင်းများ တိုးမြှင့်ဖွင့်လှစ်မှု၊ ကျောင်းနေရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် သက်ကြီးစာတတ်မြောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်များကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိပြီး လူတိုင်းအကျုံးဝင်ပညာရေး (Inclusive Education) အစီအစဉ်များကိုလည်း တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဘာသာသစ်လောင်းသင်တန်း

ယခုပညာသင်နှစ်တွင် အခြေခံပညာကဏ္ဍအနေဖြင့် ထူးခြားစွာ ဆောင်ရွက်နိုင်ခဲ့သည့် ပညာရေးလုပ်ငန်းမှာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတကာအဆင့်မီ မြှင့်တင်ရေးဆွဲထားသော အခြေခံပညာအထက်တန်းအဆင့် သင်ရိုးညွှန်းတမ်းများ၊ သင်ရိုးမာတိကာဆိုင်ရာ ဆရာလက်စွဲများနှင့် အထက်တန်းအဆင့် ဘာသာရပ်သင်ကြားရေး ဘာသာသစ်လောင်းသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးခဲ့ပြီး ယခုနှစ် ပညာသင်နှစ်တွင် စတင်သင်ကြားနေပြီဖြစ်ကြောင်း။

ထို့အပြင် အခြေခံပညာကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားလာရေးနှင့်အတူ ကျောင်းများ ဥပမိရပ်တိုးတက်ကောင်းမွန်ရေးအတွက် မြို့နယ်ပညာရေးမှူးများ ကျောင်းအုပ်ချုပ်မှုသင်တန်း ဖွင့်လှစ်လေ့ကျင့်ပေးပြီး အခြေခံပညာကျောင်းများကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အဆင့်မြင့်ပညာအဆင့်များတွင် ပညာရည်မြင့်မားရေးအတွက် အဓိကကျသည့် မူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်စွမ်းရည်ပြိုင်ပွဲ ကျင်းပပေးမှုများကိုလည်း ဖော်ဆောင်နိုင်ခဲ့ကြောင်း။

ယနေ့အချိန်အခါကာလတွင် စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးနယ်ပယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာများကို မဖြစ်မနေ ရယူအသုံးပြုရန် လိုအပ်လာသည့်အတွက် အီလက်ထရွန်နစ် သတင်းအချက်အလက် လွှင့်ထုတ်မှုစနစ်ကို ထူထောင်ပြီး တက္ကသိုလ်၊ ကောလိပ်နှင့် အထက်တန်းကျောင်း ၇၄၁ ကျောင်း၌ e-Education Learning Centre များ စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်အားလုံးနှင့် အခြေခံပညာကျောင်းအချို့တွင် Internet ချိတ်ဆက်အသုံးပြုနိုင်ပြီဖြစ်သည့်အတွက် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပျိုးထောင်ပေးနေသည့် ပညာရေးဝန်ထမ်းများနှင့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံတကာ၌ တိုးတက်ပေါ်ထွန်းလာသော ပညာရပ်များကို အချိန်နှင့်တစ်ပြေးညီရယူပြီး သင်ကြားသင်ယူမှုလုပ်ငန်းများတွင် ထိရောက်စွာ အသုံးပြုသင်ကြားပေးနိုင်ပြီဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်

အနာဂတ်နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် နိုင်ငံသားများကသာ အမျိုးသားရေးမျက်နှာစာအသီးသီးကနေ နိုင်ငံတော်၏ အနာဂတ်ကို ထိန်းသိမ်းစောင့်ရှောက်သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် မျိုးဆက်သစ်လူငယ်များအား ဘက်စုံပညာပြည့်ဝသော နိုင်ငံ့သားကောင်းများအဖြစ် မျှော်မှန်းပြီး စာပေဘာသာရပ်များတွင် ထူးချွန်ရုံသာမက အနုပညာဆိုင်ရာရသများ ခံယူဖန်တီးနိုင်မှုနှင့်အတူ အားကစားဖြင့် ကျန်းမာကြံ့ခိုင်မှုများကိုလည်း လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း။

ယနေ့ နိုင်ငံတကာအခြေအနေကိုကြည့်လျှင် သိပ္ပံနှင့်နည်းပညာများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာများ လျင်မြန်စွာ တိုးတက်လာမှုကြောင့် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီးတွင် အရှိန်အဟုန်ဖြင့် ပြောင်းလဲလျက်ရှိကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးများအနေဖြင့် အသိဉာဏ်အခြေပြု စီးပွားရေးပုံစံ (Knowledge Based Economy)ကို ကူးပြောင်းဖော်ဆောင်နေသကဲ့သို့ ကမ္ဘာ့နိုင်ငံအသီးသီးအနေကလည်း လူမှုစီးပွားရေးဆိုင်ရာ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်နိုင်ရေးအတွက် ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ကြိုးပမ်းဆောင်ရွက်နေကြကြောင်း။

စီစဉ်ထားရှိ

နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်နှင့် အထူးဒေသကြီး ၂၄ခု ဖွံ့ဖြိုးရေးစီမံကိန်းများကို ပြည်နယ်နှင့်တိုင်း အားလုံး၌ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုနိုင်ငံအဖြစ်ထူထောင်ရေး ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိကြောင်း၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ပညာရေးဆိုင်ရာ ကြိုးပမ်းမှုအဖြစ် ၂၀၀၉-၂၀၁၀ ခုနှစ်ကစပြီး ရန်ကုန်နှင့် မန္တလေးမှအပ ကျန်ရှိသော အထူး ဖွံ့ဖြိုးရေးဒေသကြီး၂၂ခုတွင် အထက်တန်းကျောင်း တစ်ကျောင်းနှုန်းဖြင့် မူလသိပ္ပံ ဝိဇ္ဇာဘာသာရပ်နှင့်အတူ စက်မှုလက်မှု နည်းပညာဘာသာရပ်ကို ပူးတွဲသင်ကြားပေးနိုင်ရန် စီစဉ်ထားရှိကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁

စာမျက်နှာ ၁၀ မှ

မြန်မာနိုင်ငံသည် ရှေးခေတ်အဆက်ဆက် ပညာရေးကို အထူးအလေးပေးခဲ့သည့် နိုင်ငံဖြစ်သည်နှင့်အညီ ပြည်သူများအနေဖြင့် ပညာရေးကို တန်ဖိုးထားလေးစားမှု၊ ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုမြင့်မားသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ဒေသအကျိုး၊ ရပ်ရွာအကျိုးသယ်ပိုးမှု အစဉ်အလာကောင်းများနှင့်အတူ ပညာရေးပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးနိုင်မှုကြောင့် နိုင်ငံ့သားကောင်း လူရည်မွန်များ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း။

တိုက်တွန်း

ယခုကဲ့သို့ ပညာရေးလုပ်ငန်းများ အောင်မြင်စွာဖော်ဆောင်နိုင်ခြင်းသည် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဒေသများ၏ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးစေတနာရှင်များနှင့် မိဘပြည်သူများ၏ လက်တွဲ ပူးပေါင်းမှုများကြောင့် ဖြစ်သည့်အတွက် ဆက်လက်ပြီး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မွန်မြတ်သည့် မြန်မာ့ပညာရေးလုပ်ငန်း အစဉ်အလာကောင်းများနှင့်အညီ အမျိုးသားရေးစာရိတ္တမဏ္ဍိုင် မြဲမြံခိုင်မာစေရေး ၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်နေရေးတို့အတွက် အဓိကဦးတည်ပြီး မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ပေးကြပါ၊ မျက်မှောက်ကာလ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းစဉ်များကို ပြည်သူများ၏ အားပေးထောက်ခံမှုကို ရယူပြီး ကြိုးပမ်းဖော်ဆောင်သွားကြပါ၊ ပြည်ထောင်စုကြီး ကမ္ဘာ့အလယ်၌ တင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်ရေးအတွက် ပညာရေးကဏ္ဍ အမျိုးသားရေးတာဝန်များကို အောင်မြင်ကျေပွန်စွာ ထမ်းဆောင်သွားကြပါဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ဘက်စုံပညာထူးချွန်ဆု ရရှိကြသော ကျောင်းသားကျောင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ပညာရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ပျဉ်းမနားမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **'ဘက်စုံဆင်နွှဲဆုနှင်းပွဲ'** သီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ၂၀၀၈-၂၀၀၉ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ဘက်စုံပညာထူးချွန်ဆုရရှိကြသော ကချင်ပြည်နယ် မိုးညှင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မထိုက်နန္ဒာပိုင်၊ ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်နေဟန်ကို၊ ကရင်ပြည်နယ် မြဝတီမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်ခန့်ဖြိုးနောင်၊ ချင်းပြည်နယ် ဖလမ်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဗန်ရှုန်းလျန်ထောင်၊ စစ်ကိုင်းတိုင်း မုံရွာမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဘုန်းမြတ်ဇော်၊ တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ထိန်လင်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း)ညောင်လေးပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မအိမြတ်မွန်၊ ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မနှင်းအိခိုင်၊ မကွေးတိုင်း မကွေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မမေတန်ခူးကိုကို၊ မန္တလေးတိုင်း မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၂)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်မျိုးထွဋ်စိုး၊ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းမှ မသင်းသင်းယုအောင်၊ ရန်ကုန်တိုင်း ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မထွဋ်မြတ်နိုးအောင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဝင်းလွင်အောင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မောင်သန်းဦးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မနန်းဝိုးဟွမ်တစ်တို့အား ဆုများကိုပေးအပ်ချီးမြှင့်ပြီး ဆုရကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ၂၀၀၈-၂၀၀၉ပညာသင်နှစ် အဌမတန်း ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသားကျောင်းသူ ၁၇ဦးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲတို့တွင် ဆုရကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက မြန်မာနိုင်ငံ သင်္ချာအိုလံပစ်ပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နေပြည်တော်အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများက စုံညီပွဲတော်တို့နွဲပျော် သီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ယင်းနောက် ထူးချွန်ဆုများချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က မြန်မာနှင့် နိုင်ငံတကာ လူမှုဆက်ဆံရေးထုံးဓလေ့တတ်ကျွမ်းမှု ပြိုင်ပွဲတွင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းက နိုင်ငံတကာ ပန်းချီပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိကြသည့်ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရရှိကြသည့် ပြည်နယ်နှင့်တိုင်းများရှိ အခြေခံပညာအထက်တန်းကျောင်း ၁၇ကျောင်းတို့မှ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးစီမံချက်အရ ထူးခြားသည့်ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဆောင် ကျောင်းသားကျောင်းသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နေပြည်တော်ပျဉ်းမနားမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"ဓာတိမာန်"** သီချင်းဖြင့် သီဆိုဂုဏ်ပြုကြပြီး ၂၀၀၈-၂၀၀၉ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် မဟာဗောဓိဝံသနှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဇန်နဝါရီ ၁ရက် နံနက် ၉နာရီက ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်ရှိ ရွာမပရိယတ္တိစာသင်တိုက်၌ ကျင်းပသော မဟာဗောဓိဝံသ နှစ်ထပ်ကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ရွာမပရိယတ္တိစာသင်တိုက် မဟာဗောဓိဝံသ နှစ်ထပ်ကျောင်းဆောင်သစ်ကို အကျဉ်းဦးစီးဌာန ရန်ကုန်တိုင်းမော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီနှင့် အလှူရှင်များ၏ စုပေါင်းထည့်ဝင်ငွေဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် (သန်းသန်းနု ကိုးကားတင်ပြသည်)

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ မိုးရွာဖွယ်

ရန်ကုန် ဇန်နဝါရီ ၃

ဇန်နဝါရီ ၃ရက်က ဖြစ်ပေါ်ခဲ့သောရာသီဥတု အခြေအနေကိုဖော်ပြရလျှင် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာခဲ့သည်။

ပျမ်းမျှအပူချိန်

ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့သည်။ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း နှင့်တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ် ရှိခဲ့သည်။ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၂ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၂ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့တွင် ၄ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်မှာ ကျိုင်းတုံမြို့တွင် ၀ ဒသမ ၄၇ လက်မဖြစ်သည်။

နေရာကွက်ကျား

ဇန်နဝါရီ ၄ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ဖော်ပြရလျှင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများ၌ အများအားဖြင့်သာယာမည်ဖြစ်သည်။

ဇန်နဝါရီ ၄ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်၌ အများအားဖြင့်သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ တိမ်အသင့်အတင့်ဖြစ်ထွန်းမည် ဖြစ်သည်။

သာယာနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား -မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

မြန်မာ့ရုပ်မြင်သံကြား

၄-၁-၂၀၀၉ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၆း၄၅ ၁။ ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၈း၁၀ ၂။ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၂၅ ၃။ ရုပ်မြင်သံကြားဇာတ်လမ်း **"ရအောင်ယူ မြဲအောင်ထိန်း"** ထွန်းထွန်းဝင်း၊ ညီညီနေနိုင်၊ ဆုမြတ်ရွှေစင်၊ သူသူဟံသာ (ဒါရိုက်တာ-သက်တင်)
- ၈း၅၀ ၄။ International News

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁း၂၀ ၃။ အကပြိုင်ပွဲ
- ၁၁း၄၀ ၄။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
- ၁၁း၅၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူ ကျေးတောသူ** (အပိုင်း-၁၁)
- ၁၂း၄၀ ၆။ Golf Magazine(TV)
- ၁၃း၀၀ ၇။ မြန်မာ့ရုပ်ရှင် **ဒူးမထောက် လက်မမြှောက်** ညွှန့်ဝင်း၊ အောင်အောင်၊ နွဲ့နွဲ့မူ၊ ဆွေဇင်ထိုက် (ဒါရိုက်တာ-ထူးကျော်)
- ၁၄း၄၀ ၈။ တေးဂီတအစီအဉ်
- ၁၄း၅၀ ၉။ International News

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၂၀ ၃။ **"မီးမီးရဲ့ဆုံးဖြတ်ချက်"** နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဥ္စာဦး၊ ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက် [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၄း၃၀ ၄။ အဆိုပြိုင်ပွဲ
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ စီးပွားရေးပညာ၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြုများ) (သင်္ချာ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ တေးဂီတအစီအစဉ်
- ၅း၁၅ ၈။ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၃၀ ၉။ ဆိုကြမယ် ပျော်ကြမယ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ ကာတွန်းအစီအစဉ် Pocket Dragon Adventure
- ၆း၅၅ ၁၃။ တစ်မျက်နှာတစ်ကွက်စာ **ကွာရှင်းပြတ်စဲပြီးစီးခြင်း** ထွန်းထွန်းဝင်း၊ အောင်ပြည့်၊ မို့မို့မြင့်အောင် (ဒါရိုက်တာ-သုမောင်)
- ၇း၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှင့်ယှဉ်သောမေတ္တာ** (အပိုင်း-၈)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရှေးရှု (သမိုင်းမော်ကွန်း ထွန်းသစ်ဝေဖြာ ပြည်မြန်မာ)
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်စစ်ရှာဖွေခြင်း"** (အပိုင်း-၂၂) (ဇာတ်သိမ်း)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်တွင် ကျောင်းသူလေးများက အနုပညာစွမ်းရည်ဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့ နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ အဆိုပါကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

တက်ရောက်

ပညာရေးစုံညီပွဲတော်သို့ ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များဖြစ်ကြသော ဒေါက်တာလွင်လွင်စိုးနှင့် ဒေါက်တာမျိုးတင့်၊ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ကျောင်းအုပ်ကြီးဒေါက်တာနန္ဒာထွန်းနှင့် ဆရာ ဆရာမများ၊ မိဘဆရာအသင်းဝင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များဖြစ်ကြသော ဒေါက်တာလွင်လွင်စိုးနှင့် ဒေါက်တာမျိုးတင့်၊ ကျောင်းအုပ်ကြီး ဒေါက်တာနန္ဒာထွန်းတို့က ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဖျော်ဖြေတင်ဆက်

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း ဘင်ခရာအဖွဲ့နှင့် တွဲဖက်၍ ကျောင်းသား ကျောင်းသူလေးများက "ဇာတိမာန်၊ မြန်မာ့ကျောင်းနှင့် ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း(TTC) သီချင်းတို့ကို သံပြိုင်သီဆိုကြကာ ပညာ့ဗိမာန် ခန်းမ၌ အဆို၊ အက၊ အတီးအပါအဝင် အနုပညာစွမ်းရည်တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့အပြင် အဆိုပါကျောင်းပရိဝုဏ်အတွင်း၌ ဈေးပွဲတော်အဖြစ် မိဘဆရာအသင်းဝင်များနှင့် ကျောင်းသားကျောင်းသူများက သုတ၊ ရသစာအုပ်မျိုးစုံ၊ သင်ကြားရေးနှင့် သက်ဆိုင်သော စာအုပ်စာတမ်းများနှင့် သင်ထောက်ကူပစ္စည်းအရောင်းဆိုင်များ အပါအဝင် မုန့်မျိုးစုံ အရောင်းဆိုင်များကို ခင်းကျင်းရောင်းချကြသည်။ **(သတင်းစဉ်)**

မြန်မာလိဂ် (အဆင့်မြင့်တန်း) အမှတ်ပေးဘောလုံးပြိုင်ပွဲ

စီးပွား/ကူးသန်းအသင်း နှစ်ပွဲဆက်အနိုင်ရပြီး အမှတ်ပေးဇယားကို ဦးဆောင်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၃

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ် (အဆင့်မြင့်တန်း) အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းနဲ့ သစ်တောရေးရာအသင်းတို့ အနိုင်ရရှိသွားပါတယ်။

သုဝဏ္ဏကွင်း

စီးပွား/ကူးသန်း - နှစ် ဂိုး
ဆောက်လုပ်ရေး - တစ် ဂိုး

စီးပွား/ကူးသန်း အသင်းကတော့ နှစ်ပွဲဆက်အနိုင်နဲ့အတူ အမှတ်ပေး ဇယားကို ဦးဆောင်နိုင်ခဲ့ပါတယ်။ စီးပွား/ကူးသန်းအသင်းနဲ့ ပြိုင်ဘက်အသင်းတွေ နှစ်ပွဲဆက် အမှတ်ပြည့်မရယူနိုင်ချိန်မှာ အမှတ်ပြည့်ရယူပြီး အမှတ်ပေးဇယား ဦးဆောင်မှုကိုပါ တစ်ပြိုင်တည်းရယူ နိုင်ခဲ့တာဖြစ်ပါတယ်။ စီးပွား/ကူးသန်း အသင်းဟာ ထိပ်ဆုံးနေရာကို လွယ်လွယ် ကူကူနဲ့ရခဲ့တာမဟုတ်ဘဲ ဆောက်လုပ်ရေး အသင်းရဲ့ ခပ်မာမာတုံ့ပြန်မှုကြောင့် အနိုင် ရဖို့ခက်ခက်ခဲခဲကြိုးစားခဲ့ရပါတယ်။

အနိုင်ရ

စိုးသီဟအောင်၊ စည်သူသန်း၊ တင်ဇော်မိုးတို့နဲ့ လူစုံပါဝင်ခဲ့တဲ့ ဆောက်လုပ်ရေး အသင်းဟာ ပွဲစကတည်းကစီးပွားကူး သန်းဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ပါ တယ်။ ကွင်းလယ်က စိုးသီဟအောင်ရဲ့ ဘောလုံးအဖြန့်၊ ရှေ့တန်းက စည်သူသန်း၊ တင်ဇော်မိုးနဲ့ ဉာဏ်လင်းထွန်းတို့ရဲ့အား တွေဟာ ဇော်လင်းထွန်း၊မင်းသူ၊မိုးဝင်းတို့ ဦးဆောင်တဲ့ စီးပွား/ကူးသန်း နောက်တန်း ကို အလုပ်ရှုပ်စေခဲ့ပါတယ်။ ဒါပေမယ့် ပထမပွဲတုန်းက ပြည်ထဲရေးကပေးတဲ့ လက်ဆောင်ဂိုးတွေအပါအဝင် သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့တဲ့ စီးပွား/ကူးသန်း အသင်းဟာ အခုပွဲမှာလည်း ဦးဆောင်ဂိုး စပေးလိုက်ရပေမယ့် တစ်မိနစ်အကျော် လောက်မှာပဲ ချေပဂိုး ပြန်ရသွားတာ ကတော့ ကံကောင်းသွားစေပါတယ်။

တိုက်စစ်အားပျော့

ပွဲစကတည်းက ဆောက်လုပ်ရေး အသင်းဟာ လျင်လျင်မြန်မြန်နဲ့ကစားခဲ့ လို့စီးပွားကူးသန်းဘက်ကို ဖိကစားနိုင်ခဲ့ ပါတယ်။ တင်ဇော်မိုးရဲ့ ဘယ်ခြမ်းကို အားပြုထိုးဖောက်ခဲ့ပြီး စီးပွား/ကူးသန်း နောက်ခံလူတွေ မနည်းထိန်းခဲ့ရပါတယ်။ ၂၄မိနစ်မှာတော့ ဆောက်လုပ်ရေးအသင်း ဦးဆောင်ဂိုး ရရှိသွားပြီး တိုက်စစ်မှူး ဉာဏ်လင်းထွန်းက ကန်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးအသင်းရဲ့ ဦးဆောင်မှုဟာ တစ်မိနစ်လောက်သာ ကြာခဲ့ပြီး ၂၅မိနစ်ကျော်မှာတော့ ပြစ်ဒဏ် ဘောမှတစ်ဆင့် တိုက်စစ်မှူးထူးကျော်က စီးပွား/ကူးသန်းအတွက် ချေပဂိုးပြန်လည် သွင်းယူသွားပါတယ်။ မိနစ် ၃၀ ကျော်မှာ တော့ တောင်ပံကစားသမား မျိုးမင်းထွန်း ဒဏ်ရာရပြီး ထွက်သွားရတာကြောင့် စီးပွား/ကူးသန်း တိုက်စစ်အားပျော့သွား ပါတယ်။

စီးပွား/ကူးသန်းတိုက်စစ်မှူး ထူးကျော် ဆောက်လုပ်ရေးဘက်သို့ ချေပဂိုး သွင်းယူခဲ့စဉ်။ (မြန်မာ့အလင်း)

အနိုင်ဂိုး

ဒုတိယပိုင်းမှာတော့ စီးပွား/ကူးသန်း အသင်း အနိုင်ဂိုးရရှိပြီး တိုက်စစ်အား မြင့်တင်လာပါတယ်။ မိနစ်၅၀မှာ ဘယ် ခြမ်းက မျိုးဇော်ထွန်း ဖြတ်ပို့တာကို ထူးကျော် ခေါင်းတိုက်ရာမှ လွှဲကျလာတာ ကို ဘိုဘိုအောင် မြေမကျပိတ်သွင်းယူခဲ့လို့ စီးပွား/ကူးသန်း အနိုင်ရရှိသွားပါတယ်။

အောင်ဆန်းကွင်း

သစ်တောရေးရာ - နှစ် ဂိုး
မြို့တော်စည်ပင် - တစ် ဂိုး

ပွဲဦးထွက်ပွဲစဉ်တွေမှာ သရေပွဲတွေ နဲ့ကြုံထားတဲ့ နှစ်သင်းတွေဆုံကြတာ ဖြစ်ပြီး သစ်တောက နောက်ကျဂိုးနဲ့ နိုင်ပွဲ ရရှိခဲ့တာဖြစ်ပါတယ်။

၅-၁-၂၀၀၉

သုဝဏ္ဏကွင်း

ပြည်ထဲရေး နှင့် ဘဏ္ဍာ/အခွန်

အောင်ဆန်းကွင်း

Air Bagan F.C နှင့် စွမ်းအင်

(မြန်မာ့အလင်း)

အထက(၂)လသာ၏ ပညာရေးစုံညီပွဲတော် ဘက်စုံပညာထူးချွန်ဆုပေးပွဲနှင့် ပဒေသာကပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဘက်စုံပညာထူးချွန်ဆုပေးပွဲနှင့် ပဒေသာကပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် အဆိုပါကျောင်းရှိ မြညီလာခန်းမ၌ကျင်းပရာ ရှေးဦးစွာ အခမ်းအနားသို့ မြန်မာ့ကျောင်းသီချင်းဖြင့် ဖွင့်လှစ်ပြီး ကျောင်းအုပ်ကြီး ဒေါက်တာ ဒေါ်သိင်္ဂီကျော်က အမှာစကားပြောကြားသည်။

ဖျော်ဖြေတင်ဆက်

ယင်းနောက် အမှတ်(၃)အခြေခံ ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်**(အပေါ်ပုံ)** ကျောင်းအုပ်ကြီးနှင့် ကျောင်းအကျိုးဆောင်အဖွဲ့ဝင်များက တိုင်း၊ မြို့နယ်နှင့် ကျောင်းအဆင့်ပညာရည်ထူး ချွန်ဆုရရှိကြသူများ၊ ကျောင်းတက်ရက်မှန် ဆုရ ဆရာမများ၊ အနုပညာ၊ အားကစား၊ စာပေ၊ ယဉ်ကျေးလိမ္မာသင်တန်းနှင့် ပန်းချီ ပြိုင်ပွဲတို့တွင် ထူးချွန်ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ပဒေသာ ကပွဲဖြင့် ဖျော်ဖြေ တင်ဆက်ကြသည်။ **(သတင်းစဉ်)**

ဖြူးမြို့ အထက-၂ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ဖြူး ဇန်နဝါရီ ၃

ဖြူးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ယခင်အုတ်ဖြတ်လမ်းအလယ်တန်းကျောင်း)ကျောင်းသားကျောင်းသူဟောင်းများ၏(၁၂)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသားကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အထက(၂) အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

အခမ်းအနားသို့ ကန်တော့ခံဆရာကြီး ဆရာမကြီးများ၊ကျောင်းသားကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အလှူငွေများကို ဒေါက်တာဦးခင်မောင်မြင့်ကျော်(နာယက) ဖုန်း-၀၅၄-၄၀၃၇၆၊ ဦးမောင်ဆန်း(ဥက္ကဋ္ဌ) ဖုန်း-၀၅၄-၄၀၁၇၃၊ ဦးမင်းစိုး ဖုန်း-၀၉-၅၁-၂၆၇၆၆၊ ဦးမြင့်သိန်း ဖုန်း-၀၉-၅၀-၃၄၀၇၀နှင့် ဒေါ်ယုယု ဖုန်း-၀၁-၅၁၃၄၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဇန်နဝါရီ ၃ရက်က အလက(၄) သဃ်ၤန်းကျွန်း ပညာရေးစုံညီပွဲတော်တွင် ကျောင်းသား ကျောင်းသူလေးများက ဒို့ပြည်ထောင်စု ညီအစ်ကိုမောင်နှမများ စည်လုံးခြင်းသည်အင်အား တေးသီချင်းဖြင့် သီဆိုသရုပ်ဖော်ကြစဉ်။ (မြန်မာ့အလင်း)



အိမ်ရောင်းရန်ရှိသည်

ပေ ၈၀×၈၀ ပတ်လည်နှင့် ပေ ၁၀၀×၁၀၀ ပတ်လည် ရေ၊မီးစုံ၊တစ်ထပ်တိုက်၊အဆင့်မြင့်ပြင်ဆင်ပြီး၊အဲယားကွန်း၊ ဖုန်းပါ၊ FMICity ပဒေသာပင်မြို့တော်၊ လှိုင်သာယာမြို့နယ်။ **ဆက်သွယ်ရန်- ဖုန်း-၆၈၇၀၄၀၊၀၉-၅၁-၃၈၂၉၂။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဆ/၉၈၀၇ဝီလီဂျစ်ယာဉ်လက်ဝယ်ရှိသူ ဦးသန်းကြည် ၁၂/တတန(နိုင်)၀၈၄၂၇၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ရန်ကုန်တောင်ပိုင်း၊ သန်လျင်မြို့။**

GRAND GATE EDU-CARE FOR YOU!

IELTS/TOEFL/Interview English
(Nursing Diplomas,
Sales/Hotel/Restaurant staff)
Short-Term on-the-job
Training for managers/
staff/workers
Contact:No(21)9th st,
Lanmadaw,Yangon.
Ph.222073 / 09-51-43176

အမြန်ဆက်သွယ်ပါ

ဒေါ်မာလာကျော် အမြန်ဆက်သွယ်ပါ။ ဒေါ်လတ်လတ်ညွှန့် အဆင်မပြေ ဖြစ်နေပါတယ်။

ဒေါ်လတ်လတ်ညွှန့်။

အမည်ပြောင်း

အဖ ဦးငွေအောင်၏ သမီး အထက(၁) ပခုက္ကူမြို့ Grade(11) မှ မညိုသီရိလှိုင်အား ယနေ့မှစ၍ မစိုးသီရိမွန်ဟု ပြောင်းလဲခေါ်ပါရန်။

မစိုးသီရိမွန်။

အမည်ဖြည့်စွက်ခြင်း

အဖ ဦးမောင်မောင်၏သား အထက(၂) မင်္ဂလာဒုံ နဝမတန်း(I)မှ မောင်ဇင်မင်းမောင် ၁၂/အစန (နိုင်)၂၀၆၃၄၈ အား မောင်ဇင်မင်းမောင်(ခ) မောင်ထက်အောင်လှိုင်ဟု ဖြည့်စွက်ခေါ်ပါရန်။

မြစ်ကြီးနား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲနှင့် (၁၈)ကျင်းပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

မြစ်ကြီးနား ဇန်နဝါရီ ၃

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ မြစ်ကြီးနား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၇နာရီက မြစ်ကြီးနားမြို့ Northen Star Golf Club ၌ ကျင်းပသည်။ **(ယာပုံ)**

စတင်ကျင်းပ

ဖွင့်ပွဲတွင် ဂေါက်သီးရိုက် အားကစားသမား ၁၈၆ ဦးတို့က သတ်မှတ်ထားသည့် တီခုံအမှတ်(၁)၌ နေရာယူကြပြီး ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးချမ်းဟန်တို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြကာ ပထမနေ့ ၁၈ကျင်း ပြိုင်ပွဲကို စတင်ကျင်းပခဲ့သည်။

လျှော့ရိုက်

ပထမနေ့ ၁၈ကျင်း ပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ ၌ စိုးကျော်နိုင် (Srixon)က သတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ရိုက်၍ ၆၈ ချက်ဖြင့် ဦးဆောင်လျက်ရှိပြီး သိန်းဇော်မြင့် (KM Golf Center)က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျှော့ရိုက်၍ ၆၉ချက်ဖြင့် ဒုတိယလိုက်နေကာ မြင့်သောင်း (Srixon)က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက် လျှော့ရိုက်၍ အချက်၇၀ဖြင့် တတိယလိုက်နေသည်။

ဦးဆောင်ကစား

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် အောင်ဝင်း(သစ်တော)က ရိုက်ချက် ၆၈ ချက်ဖြင့်လည်းကောင်း၊ ယော်ဆိုင်း (မြစ်ကြီးနား)က ရိုက်ချက် ၇၂ချက်ဖြင့် လည်းကောင်း၊ မောင်မောင်ဦးက ရိုက်ချက် ၇၄ချက်ဖြင့် လည်းကောင်း ဦးဆောင်လျက်ရှိသည်။

အသင်းလိုက်ပြိုင်ပွဲတွင် ဂျိတ်လင်န်း (A)အသင်းက အသားတင်ရိုက်ချက် ၂၀၄ချက်ဖြင့်လည်းကောင်း၊ မြစ်ကြီးနားအသင်းက အသားတင်ရိုက်ချက် ၂၀၆ ချက်ဖြင့်လည်းကောင်း၊ ဗလမင်းထင်အသင်းက အသားတင်ရိုက်ချက် ၂၀၉ချက်ဖြင့်လည်းကောင်း ဦးဆောင်ကစားလျက်ရှိသည်။

တစ်ဦးချင်း ရွှေအဆင့် (H Cap 0-9 Event) ပြိုင်ပွဲတွင် ယော်ဆိုင်း မြစ်ကြီးနားက အသားတင်ရိုက်ချက် ၆၃ချက်ဖြင့်လည်းကောင်း၊ မောင်မောင်ဦးက အသားတင်ရိုက်ချက် ၆၅ချက်ဖြင့် လည်းကောင်း၊ ထွန်းတင် (ဗလမင်းထင်)က အသားတင်ရိုက်ချက် ၆၇ချက်ဖြင့် လည်းကောင်း ဦးဆောင်ကစားလျက်ရှိသည်။

တစ်ဦးချင်း ငွေအဆင့် (H Cap 10-16 Event) ပြိုင်ပွဲတွင် ဗိုလ်မှူးသန်းထိုက် (နော့်သင်းစတား)က အသားတင် ရိုက်ချက် ၆၄ချက်ဖြင့်လည်းကောင်း၊ တူးဂျာ (မြစ်ကြီးနား)က အသားတင်ရိုက်ချက် ၆၅ချက်ဖြင့် လည်းကောင်း၊ ကျော်နိုင် (မြစ်မိမ်းမြေ-A)က အသားတင်ရိုက်ချက် ၆၆ ချက်ဖြင့် လည်းကောင်း ဦးဆောင်လျက်ရှိသည်။

တစ်ဦးချင်း ကြေးအဆင့် (H Cap 17-24 Event) ပြိုင်ပွဲတွင် အုန်းလွင် (ဝိုင်းမော်)က အသားတင်ရိုက်ချက် ၆၄ချက်ဖြင့် လည်းကောင်း၊ အားနော် (ဂျိတ်လင်န်း)က အသားတင်ရိုက်ချက် ၆၅ ချက်ဖြင့်လည်းကောင်း၊ မျိုးထွေးက အသားတင်ရိုက်ချက် ၆၅ချက်ဖြင့်လည်းကောင်း ဦးဆောင်လျက်ရှိသည်။

ကူညီပံ့ပိုး

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီး အကျော်အမော်များ ပေါ်ထွက်လာရေးအတွက် Main Sponsor အဖြစ် Air Bagan Ltd. က အဓိက ကူညီပံ့ပိုးပြီး Co- Sponor များဖြစ်ကြသော ကချင်ပြည်နယ်အတွင်းမှ လုပ်ငန်းရှင် ၂၂ဦးတို့ကလည်း ထပ်မံ၍ပံ့ပိုးကူညီကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management တို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်ကျင်းပမည်

ဇန်နဝါရီ၃ ရက် ယနေ့နံနက်ပိုင်းတွင် ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဆက်လက်ကျင်းပပြီး မြစ်ကြီးနား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၅ ရက်အထိ နေ့စဉ်ကျင်းပသွားမည်ဖြစ်သည်။

(ပြည်နယ် မြန်/ဆက်)

အက်ပ်ဒေါဗလား တတိယအဆင့် အနိုင်အရှုံး ရလဒ်များ

ဟတ်ပူး	၂-၀	စတုတ်
အာဆင်နယ်	၃-၁	ပလိုင်းမောက်
ကာဒစ်	၂-၀	ရက်ဒင်း
ချာလ်တန်	၁-၁	နော့ဝစ်ချ်
ချယ်လ်ဆီး	၁-၁	ဆောက်သ်အန်း
ကိုဗင်ထရီ	၂-၀	ကစ်ဒါမင်စတာ
ဖောရက်စ်ဂရီးန်	၃-၄	ဒါဘီ
ဟူးလ်စီးတီး	၀-၀	နယူးကာဆယ်
အစ်ဝစ်ချ်	၃-၀	ချက်စတာဖီးလ်
ကက်တာရင်း	၂-၁	အိစ်ဝုဒ်တောင်း
လီဆက်စတာ	၀-၀	ခရစ္စတယ်ပဲလေ့စ်
မက်ကလက်စ်ဖီးလ်	၀-၁	အဲဗာတန်
မန်စီးတီး	၀-၃	နော်တင်ဂမ်ဖောရက်စ်
မစ်ဒယ်ဘာရော့	၂-၁	ဘာရီး
မီဝေါလ်	၂-၂	ခရီဝီလ်
ပို့စ်မောက်	၀-၀	ဘရစ္စတိုစီးတီး
ကျူပီအာရ်	၀-၀	ဘန်လေ
ရှက်ဖီးဝက်နက်စ်ဒေး	၁-၂	ဖူလ်ဟမ်
ဆန်းဒါးလန်း	၂-၁	ဘော်လ်တန်
တိုကေး	၁-၀	ဘလက်ပူးလ်
ဝက်စ်ဖို့ဒ်	၁-၀	စကန်သိုပီ
ဝက်စ်ဘရွန်ဝစ်ချ်	၁-၁	ပီတာဘိုရို
ဝက်စ်ဟမ်း	၃-၀	ဘန်စလေ

(မြန်မာ့အလင်း)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ထမင်း/ဟင်းချက်ပြုတ်ခြင်းမပြုရန်၊
(ခ) မီးဖိုသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်၊
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ မပေါ့ဆ အထူးသတိပြုသုံးစွဲရန်၊

မီးသတ်ဦးစီးဌာန

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

စီရိုနယ်ဒိုရဲ့ အနာဂတ်ကိုဖြတ်သန်းခြင်း

✎ မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ❖ သောင်းရွှေ-စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဇန်နဝါရီ ၃

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရရှိတော့မယ့် ပေါ်တူဂီနဲ့မန်ယူတောင်ပံကစားသမားစီရိုနယ်ဒိုက မိမိဟာ စပိန်ကလပ်ရီးရဲမက်ဒရစ်နဲ့ တစ်စုံတစ်ရာ သဘောတူညီချက်မရှိတဲ့အပြင် ပြောင်းရွှေ့ဖို့ အစီအစဉ်လည်း မရှိတော့ပါဘူးလို့ ဇန်နဝါရီ ၂ရက်က မန်ယူကလပ်မှာ သတင်းထောက်တွေနဲ့တွေ့ဆုံချိန်မှာ ထုတ်ဖော်ပြောကြားသွားတာမို့ မန်ယူပရိသတ်တွေ သက်မချနိုင်သွားပြီဖြစ်ပါတယ်။

တကယ်တော့ စီရိုနယ်ဒိုဟာ မန်ယူကနေပြီး ရီးရဲမက်ဒရစ်ကို ပြောင်းရွှေ့ချင်တဲ့ဆန္ဒ ပြင်းပြခဲ့တာကိုကြည့်ရင် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု ရရှိချင်တာရယ်၊ လုပ်ခလစာငွေများပြားစွာရရှိမယ့် အနေအထားရယ်နဲ့ နောက်ဆုံးကမ္ဘာကျော်ဘောလုံးသမားတွေနဲ့အတူ ကစားခွင့်ရပြီး အတွေ့အကြုံသစ်ရရှိလိုတာတွေ ဖြစ်တယ်လို့ ဝေဖန်သုံးသပ်သူတွေက ဆိုပါတယ်။

အဖြစ်ချင်ဆုံးဆန္ဒ

အခုတော့ ၂၀၀၈ခုနှစ်အတွက် ဖီဖာရဲ့ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား ဆုရွေးချယ်ခံရဖို့ ရာနှုန်းပြည့်နီးပါးဖြစ်နေတဲ့အပြင် မန်ယူအသင်းနဲ့အတူ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု ရယူနိုင်တဲ့ ရှားရှားပါးပါး ဘောလုံးသမားတစ်ဦးအဖြစ် ရပ်တည်နိုင်တော့မှာမို့ သူ့ရဲ့အဖြစ်ချင်ဆုံး ဆန္ဒတစ်ခုတော့ ပြည့်ဝတော့မှာ ဖြစ်ပါတယ်။

ဖခင်ကြီးတစ်ဦး

စီရိုနယ်ဒိုအနေနဲ့ မန်ယူအသင်းက မထွက်ခွာနိုင်တဲ့ နောက်တစ်ချက်ကတော့ မန်ယူနည်းပြကြီး ဖာဂူဆန်နဲ့ မန်ယူပရိသတ်တွေပဲဖြစ်ပါတယ်။ နည်းပြဖာဂူဆန်ဟာ စီရိုနယ်ဒိုအပေါ်အတိမ်းအစောင်း အကျပ်အတည်းတွေနဲ့တွေ့တိုင်း ဖခင်ကြီးတစ်ဦးလို ရှေ့ကနေမားမားရပ်ပြီး ဖြေရှင်းပေးခဲ့တာကြောင့်ပါပဲ။ အခုလည်း ဇန်နဝါရီအပြောင်းအရွှေ့ ဈေးကွက်ကာလမှာ ဘောလုံးသမားအသစ်တွေ ဝယ်ယူဖြည့်ဆည်းဖို့ မန်ယူအသင်းပိုင်ရှင်ဂလေဇာမိသားစုက ပေါင်သန်း ၂၀ ခွင့်ပြုခဲ့ပေမယ့် ဖာဂူဆန် မသုံးစွဲဘူးလို့ အကြောင်းပြန်ခဲ့ပါတယ်။

သုံးသပ်အကြံပြု

ဒါပေမယ့် ဒီလိုငွေကြေး မသုံးစွဲခဲ့ပေမယ့် ဖာဂူဆန်က ဒီကာလမှာ မန်ယူအသင်းရဲ့ အဓိကကစားသမားတွေဖြစ်တဲ့ စီရိုနယ်ဒို၊ ရွန်နေနဲ့ဘာဘာတော့ဗ်တို့ကို တစ်ပတ်လုပ်ခလစာငွေ အနည်းဆုံးပေါင် ၁၈၀၀၀၀ပေးဖို့တော့ တောင်းဆိုခဲ့တယ်လို့ဆိုပါတယ်။ ဒီလိုလုပ်ခလစာငွေတွေ ထပ်မံတိုးမြှင့်ပေးလိုက်ခြင်းဟာ မန်ယူအသင်းရဲ့ စွမ်းဆောင်မှုကို မြှင့်တင်ပေးရာ ရောက်တဲ့အပြင် မန်ယူဘောလုံးသမားတွေအနေနဲ့ အသင်းအောင်မြင်ဖို့ ကြိုးစားလိုတဲ့ စိတ်ဓာတ် အမြင့်ဆုံးတွန်းပို့ပေးလိုက်ခြင်းလည်း ဖြစ်တယ်လို့ ဂလေဇာ မိသားစုကို ဖာဂူဆန်က အကြံပြုခဲ့ပါတယ်။ ဂလေဇာမိသားစု ကလည်း နည်းပြဖာဂူဆန်ရဲ့ သုံးသပ်အကြံပြုမှုကို လက်ခံပြီး စဉ်းစားပေးမယ် ဆိုထားပါတယ်။

ဒါကြောင့် လုပ်ခလစာငွေနဲ့ဗန်းပြပြီး စီရိုနယ်ဒိုရဲ့စိတ်ဓာတ်ကို ကိုင်လှုပ်နေတဲ့ ရီးရဲမက်ဒရစ်ရဲ့ လုပ်ရပ်ကိုလည်း ဖာဂူဆန် ဖြေရှင်းပြီးသားဖြစ်သလို စီရိုနယ်ဒိုကိုလည်း စည်းရုံးသိမ်းသွင်းနိုင်ခဲ့တဲ့အပြင် မန်ယူအသင်းရဲ့ အောင်မြင်မှုတွေ မဆုတ်ယုတ်သွားအောင်လည်း တစ်ပြိုင်နက်တည်း စွမ်းဆောင်နိုင်ခဲ့တာမို့ နည်းပြကြီး ဖာဂူဆန်ကို စီရိုနယ်ဒိုအနေနဲ့ ဖခင်တစ်ဦးလို၊ ဆရာတစ်ဦးလို လေးစားချစ်ခင် သံယောဇဉ်ဖြစ်နေတာပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း "ကျွန်တော့်အနေနဲ့ ဘောလုံးသမားဘဝက အနားမယူမချင်း ဆရာကြီးဖာဂူဆန်နဲ့အတူ မန်ယူမှာပဲ ကစားလိုပါတယ်" ဆိုတဲ့ စကားတွေကို စီရိုနယ်ဒိုရင်ထဲက လှိုက်လှိုက်လှဲလှဲပြောနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

အထိရောက်ဆုံး

အသက်၇၀နီးပါးဖြစ်လာတဲ့ မန်ယူနည်းပြကြီး ဖာဂူဆန်ကလည်း "မန်ယူအသင်းမှာ ၂၂နှစ်ကျော်ကာလ တိုင်အောင် နည်းပြလုပ်ခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ အခုကာလတွေလောက် အောင်မြင်မှု၊ ပျော်ရွှင်မှုတွေရရှိခဲ့တာ မရှိခဲ့ပါဘူး။ နောက်ပြီး လက်ရှိမန်ယူအသင်းလောက်ကောင်းခဲ့တဲ့ အသင်းလည်းမရှိခဲ့ပါဘူး" လို့ သတင်းထောက်တွေနဲ့ဆုံတိုင်း ပြောပြနေတာမို့ ဒီစကားတွေကလည်း လက်ရှိမန်ယူဘောလုံးသမားတွေကို အားသစ်တွေ ဖြစ်စေတဲ့ အထိရောက်ဆုံး စကားလုံးတွေဖြစ်နေတော့တာပါပဲ။

စီရိုနယ်ဒိုအနေနဲ့ ဒီနှစ်ဘောလုံးရာသီမှာ မန်ယူအတွက် စုစုပေါင်းရှစ်ဂိုး သွင်းပေးထားပြီးဖြစ်သလို ဖီဖာကလပ် ကမ္ဘာ့ဖလားကြီးကိုလည်း မန်ယူအတွက် ယူဆောင်ပေးထားနိုင်ပြီ ဖြစ်ပါတယ်။ မန်ယူအသင်းဟာ ဒီနှစ်မှာ ပရီမီယာလိဂ်ဖလားရော ချန်ပီယံလိဂ်ဖလားပါ ကာကွယ်နိုင်အောင် ကြိုးစားသွားမယ်လို့ စီရိုနယ်ဒို က ပြောကြားနေပါတယ်။

စေတနာအမှန်

မန်ယူပရိသတ်တွေကတော့ ရီးရဲမက်ဒရစ်ကို ပြောင်းရွှေ့တော့မယ်လို့ စီရိုနယ်ဒိုပြောခဲ့တဲ့ အချိန်ကလည်း စီရိုနယ်ဒိုအပေါ် မေတ္တာမပျက်ပွဲတိုင်းအားပေးခဲ့သလို အခုလိုအသင်းက မပြောင်းရွှေ့တော့ဘူးဆိုတော့ ပိုပြီးတောင်အားပေးမှုတွေ ရှိနေဦးမှာဖြစ်တာမို့ မန်ယူပရိသတ်တွေရဲ့ စိတ်စေတနာအမှန်ကို စီရိုနယ်ဒို သဘောပေါက်နားလည်ခဲ့ပြီ ဖြစ်ပါတယ်။

ဒါကြောင့် စီရိုနယ်ဒိုက "မန်ယူမှာပဲ ကစားတော့မှာဖြစ်ပြီး မန်ယူအသင်းအောင်မြင်မှုတွေရအောင် အစွမ်းကုန်ကြိုးစားပေးသွားမယ်လို့"ပြောကြားနေတာပဲ ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ဖာဂူဆန်နှင့် တပည့် စီရိုနယ်ဒို

ပေါ်တူဂီနှင့်မန်ယူ တောင်ပံ ကစားသမား စီရိုနယ်ဒိုကို မေတ္တာတရား အခြေခံပြီး အောင်မြင်စွာ စည်းရုံး နိုင်ခဲ့သည့် ဖာဂူဆန် (ဝဲ) နှင့် တပည့် စီရိုနယ်ဒိုကို ဤသို့ တွေ့ရသည်။ (အင်တာနက်-ဓာတ်ပုံ)

ဂျရတ်လေ့ကျင့်မှု ပြန်လည်ပြုလုပ်နေ

လန်ဒန် ဇန်နဝါရီ ၃

လီဗာပူးကွင်းလယ်ကစားသမား ဂျရတ်သည် ယခုသီတင်းပတ်အစောပိုင်းက စားသောက်ဆိုင်၌ ရမ်းကားမှုဖြင့် အရေးယူခံရပြီးနောက် ယခုအခါ လီဗာပူးအသင်းနှင့်အတူ လေ့ကျင့်ခန်းများ ပြန်လည်ပြုလုပ်နေပြီဖြစ်ကြောင်း နည်းပြဘင်နီတက်ဇ်က ပြောကြားသည်။ ခံဝန်ဖြင့် ပြန်လည်ကစားခွင့်ပြုထားသော ဂျရတ်သည် ရမ်းကားမှုပြစ်မှု ကျူးလွန်ကြောင်း ထင်ရှားပါက ထောင်ဒဏ်ငါးနှစ်ကျခံရဖွယ်ရှိသည်။

အီရန်နှင့်တရုတ်ဘောလုံးအသင်း ချစ်ကြည်ရေး ခြေစမ်းပွဲကစားမည်

တီဟီရန် ဇန်နဝါရီ ၃

အီရန်လက်ရွေးစင်ဘောလုံးအသင်း **(ဝဲပုံ)**နှင့် တရုတ်လက်ရွေးစင်ဘောလုံးအသင်းတို့ အီရန်နိုင်ငံမြို့တော် တီဟီရန်၌ ဇန်နဝါရီ၉ရက် ဒေသစံတော်ချိန် မွန်းလွဲ၃နာရီ၌ ချစ်ကြည်ရေး ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အီရန်အသင်းသည် ၂၀၁၀ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲအဖြစ် လာမည့်ဖေဖော်ဝါရီ၁၁ရက်၌ တောင်ကိုရီးယား အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ထို့အပြင် အီရန်အသင်းသည် ၂၀၁၁ခုနှစ် အာရှဘောလုံးအဖွဲ့ချုပ်ဖလားခြေစစ်ပွဲအဖြစ် အီရန်နိုင်ငံတီဟီရန်မြို့၌ ဇန်နဝါရီ ၁၄ရက်တွင် စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ **(အင်တာနက်)**

ရှာရာပိုဗာ ဩစတြေးလျအိုးပင်းပွဲ နွှဲမည်

ဟောင်ကောင် ဇန်နဝါရီ ၃

လက်ပြင်ကြောဒဏ်ရာရရှိနေသော ကမ္ဘာကျော်တင်းနစ်မယ် ရှာရာပိုဗာသည် လာမည့်သီတင်းပတ်၌ ဟောင်ကောင်၌ကျင်းပမည့် ဖိတ်ခေါ်တင်းနစ်ပြိုင်ပွဲနှင့် လွဲမည်ဖြစ်သော်လည်း ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ပြီး ဆုဖလားရယူနိုင်မည်ဟု မျှော်လင့်ထားကြောင်း ရှာရာပိုဗာက ပြောကြားသည်။



ဂါးလက်စ်နှင့်တိုရေး အာဆင်နယ်မှပြောင်းမည်

လန်ဒန် ဇန်နဝါရီ ၃

အိုင်ဗရီကိုစ့်နှင့် အာဆင်နယ်နောက်တန်းခံစစ်မှူး ကိုလိုတိုရေးနှင့် ဝီလျံဂါးလက်စ်တို့ ဇန်နဝါရီအပြောင်းအရွှေ့ ဈေးကွက်မပိတ်မီ အာဆင်နယ်မှထွက်ခွာမည်ဖြစ်ကြောင်း၊ အာဆင်နယ်အသင်း၌ မိမိတို့ ဆက်လက်ကစားလိုစိတ် မရှိတော့ကြောင်း ကိုလိုတိုရေးက ပြောကြားသည်။ (ဝဲပုံ)

ချယ်လ်ဆီးမှ ဝိန်းဘရစ်ခ်ျ မန်စီးတီးသို့ ရောင်းချ

လန်ဒန် ဇန်နဝါရီ ၃

အင်္ဂလန်နှင့်ချယ်လ်ဆီးအသင်း နောက်ခံလူ ဝိန်းဘရစ်ခ်ျအား မန်စီးတီးအသင်းသို့ ပေါင်၁၂သန်းဖြင့် ရောင်းချရန် ချယ်လ်ဆီးအသင်းက သဘောတူလိုက်ပြီ ဖြစ်သည်။ အသက် ၂၈နှစ်အရွယ် ဝိန်းဘရစ်ခ်ျသည် ၂၀၀၃ခုနှစ်က ဆောက်သမ်ပတန်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင်ခုနစ်သန်းဖြင့် ရောက်ရှိလာသူ ဖြစ်သည်။ **(ယာပုံ)** **(အင်တာနက်)**

မန်ယူမှ ဂရေးအား ပလိုင်းမောက်စ်သို့ အငှားချ

လန်ဒန် ဇန်နဝါရီ ၃

မန်ယူ လူငယ်အသင်းမှ ကစားသမား ဒေးဗစ်ဂရေးအား ပလိုင်းမောက်အသင်းသို့ တစ်နှစ် အငှားစာချုပ်ဖြင့် သွားရောက်ကစားရန် မန်ယူကလပ်က ခွင့်ပြုလိုက်သည်။

အသက် ၂၀အရွယ်ရှိ ဂရေးသည် ပလိုင်းမောက်အသင်းနှင့်အတူ အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ် အဖြစ် အာဆင်နယ်နှင့် ကစားသည့်ပွဲမှ စတင်၍ ပါဝင်ကစားမည် ဖြစ်သည်။

ဂမ်ဘာအိုဆာကာအသင်း ဘုရင့်ဖလားဆွတ်ခူး

တိုကျို ဇန်နဝါရီ ၃

အာရှချန်ပီယံကလပ် ဂမ်ဘာအိုဆာကာသည် ဇန်နဝါရီ ၂ရက်က ကျင်းပသော ဂျပန်ဘုရင့်ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ၌ ကာရှီဝါအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဂျပန်ဘုရင့်ဖလားကို ဆွတ်ခူးရရှိသွားသည်။ ဂမ်ဘာအိုဆာကာသည် ဂျပန်ဂျေလိဂ်ဖလားကိုလည်း ၁၉၉၉နှင့် ၂၀၀၇ခုနှစ်တို့က ရရှိခဲ့သည့် အသင်းဖြစ်သည်။

ဗီလာအသင်း၏ အကောင်းဆုံးဘောလုံးသမား အဘွန်လဟော်

လန်ဒန် ဇန်နဝါရီ ၃

အက်စတွန်ဗီလာ တိုက်စစ်မှူးအဘွန်လဟော်အား ဗီလာအသင်း၏ ၂၀၀၈ခုနှစ် အကောင်းဆုံး ဘောလုံးသမားအဖြစ် ရွေးချယ်လိုက်ကြောင်း ဗီလာကလပ်က ဇန်နဝါရီ ၂ရက်တွင် ကြေညာသည်။

အသက် ၂၂နှစ်အရွယ်ရှိ တိုက်စစ်မှူး အဘွန်လဟော်သည် နိုဝင်ဘာလက ကစားခဲ့သောအင်္ဂလန်နှင့် ဂျာမနီအသင်း ချစ်ကြည်ရေးခြေစမ်းပွဲ၌ ပထမဆုံးပွဲချိန်ပြည့် ပါဝင်ကစားခဲ့သည်။

(အင်တာနက်)

၂၀၀၈ ခုနှစ် အတိုးတက်ဆုံးနည်းပြ အလီဒါရီ

တီဟီရန် ဇန်နဝါရီ ၃

အီရန် ဘောလုံးအသင်းနည်းပြ အလီဒါရီအား ၂၀၀၈ ခုနှစ်၏ အတိုးတက်ဆုံး ဘောလုံးနည်းပြအဖြစ် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က ရွေးချယ်လိုက်သည်။

နည်းပြအလီဒါရီသည် အီရန်ဘောလုံးအသင်းခေါင်းဆောင်ကစားသမားဟောင်းတစ်ဦးဖြစ်ပြီး အာရှအကောင်းဆုံးဘောလုံးသမားဆုသုံးကြိမ်ရရှိခဲ့သူ ဖြစ်သည်။ (အင်တာနက်)

အီရန်နည်းပြအလီဒါရီ

ပို့စ်မောက် တိုက်စစ်မှူး ဒီဖိုးအား ရောင်းချမည်

လန်ဒန် ဇန်နဝါရီ ၃

ပို့စ်မောက် တိုက်စစ်မှူး ဒီဖိုးအား ဇန်နဝါရီအပြောင်းအရွှေ့ ဈေးကွက်ကာလအတွင်း ရောင်းချသွားမည်ဖြစ်ကြောင်း ပို့စ်မောက်အသင်း ပိုင်ရှင်ပီတာစတိုရေးက ထုတ်ဖော် ပြောကြားလိုက်သည်။ ဒီဖိုးကို မန်စီးတီးနှင့် အက်စတွန်ဗီလာအသင်းတို့က ကမ်းလှမ်းလျက်ရှိရာ အမြန်ဆုံးရောင်းချသွားမည် ဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။ **(အင်တာနက်)**

ချစ်စိုးနိုင် စုစည်းသည်

ညောင်ရွှေ စည်ပင်သာယာရေးအဖွဲ့ ကျောက်ချောခင်းရန် ကျောက်စုဆောင်း

ညောင်ရွှေ ဒီဇင်ဘာ ၃၀

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများ ကောင်းမွန်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၃၀ရက်က ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လျာထားလျက်ရှိသည့် သာစည်ရပ်ကွက်အမှတ် (၂)လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကျောက်များ စုဆောင်းထားရှိမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးလင်းထွဋ်က လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

ဟိုမိန်းမြို့ ကျေးရွာများအတွက် စောင်များလှူဒါန်း

ဟိုမိန်း ဇန်နဝါရီ ၁

လင်းခေးခရိုင် ဟိုမိန်းမြို့ရှိ မယ်အော၊ နားမွန်းလုံ၊ ခုံလုံ၊ နောင်လိုင်၊ လုလေကျေးရွာများသို့ ဟိုမိန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်သာချောင်ချိရေးအဖွဲ့ဥက္ကဋ္ဌ ဦးမဟာဂျာနှင့်ဇနီး ဒေါ်နန်းခမ်းလီမိသားစုက ရွာသူ ရွာသားများအတွက်လိုအပ်သည့် စောင်အထည် ၈၀၀လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ရက်က သက်ဆိုင်ရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ ကျင်းပသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရွာသူရွာသားများတက်ရောက်ကြပြီး ဟိုမိန်းဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်သာချောင်ချိရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခွန်တိုးအောင်နှင့်ဇနီးက တန်ဖိုးငွေကျပ် သိန်း၂၀တန်ဖိုးရှိစောင်များကို ကျေးရွာဥက္ကဋ္ဌများထံ ပေးအပ်လှူဒါန်းရာ(**အပေါ်ပုံ**) သက်ဆိုင်ရာဥက္ကဋ္ဌများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကံကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်

ဆားလင်းကြီးမြို့နယ် ကံကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းကို ဒီဇင်ဘာ ၁၂ရက်က စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လတ် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကြည်စိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

အင်္ဂလိပ်စာ စွမ်းရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲ လွိုင်ကော်၌ကျင်းပ

လွိုင်ကော် ဒီဇင်ဘာ ၃၀

ကယားပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အင်္ဂလိပ်စာ စွမ်းရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၈ရက် နံနက်၁၀နာရီက ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ လွိုင်ကော်ခရိုင် ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦးနှင့် ဝန်ထမ်းများ၊ လွိုင်ကော်မြို့နယ်၊ ဒီမော့ဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်နှင့် ရှားတောမြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများ၊ ဘော်လခဲခရိုင် ဦးစီးအရာရှိ ဦးအေးမင်းနှင့် ဖားဆောင်းမြို့နယ်၊ မယ်စဲ့မြို့နယ်နှင့် ရွာသစ်မြို့တို့မှ မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်အေးက အဖွင့်အမှာစကား ပြောကြားပြီး (**အပေါ်ပုံ**) လွိုင်ကော်ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ပို့ချ

အဆိုပါ သင်တန်း၌ အငြိမ်းစား အင်္ဂလိပ်စာဆရာကြီး ဦးခင်မောင်နုက သင်တန်းကို ပို့ချပေးပြီး ဒီဇင်ဘာ၈ရက်မှ ၁၀ရက်အထိ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် မြို့ဦး ၁ လမ်း ကတ္တရာခင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ၂၄ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဧရာဝတီတိုင်း လေးမျက်နှာမြို့နယ် လှော်ကထား အခြေခံပညာ အထက်တန်းကျောင်း၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၈ရက်က ယင်းကျောင်းခန်းမ၌ကျင်းပရာ ဆရာကြီးဆရာမကြီးများအား တပည့် ကျောင်းသားကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြစဉ်။ (ပညာရေး)

မှုခင်းသတင်း
မော်တော်ဆိုင်ကယ်မှောက်၍ လူသေဆုံးမှု ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်၌ ဖြစ်ပွား

ကျောက်ကြီး ဒီဇင်ဘာ ၃၁

မော်တော်ဆိုင်ကယ် အရှိန်ပြင်းစွာမောင်းနှင်သဖြင့် တိမ်းမှောက်လူသေဆုံးမှု ဒီဇင်ဘာ၉ရက်က ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်၌ ဖြစ်ပွားခဲ့သည်။

ထိုးကျတိမ်းမှောက်

ဖြစ်ပွားပုံမှာ ကျောက်ကြီးမြို့ ပဲခူးရပ်နေ ဗဒုံး(ခ)ဝင်းမောင် (၄၇နှစ်) (ဘ) ဦးခွေလာသည် ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီခန့်က ဟမ်စင်း ၁၁၀ အမျိုးအစား ဆီးပုပ်ရောင် မော်တော်ဆိုင်ကယ်အမှတ် ပခ/၂၁၉၉၂၉ပေါ်သို့ မြေပဲတစ်အိတ်တင်ပြီး ဒုံးတိုကျေးရွာမှ ကျောက်ကြီးမုံး လမ်းမကြီးအတိုင်း အရှိန်ပြင်းစွာ မောင်းနှင်လာရာ ဒုံးတိုတံတားအလွန်တွင် လမ်းယာဘက်သို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။

ဆေးရုံ၌သေဆုံး

မော်တော်ဆိုင်ကယ်တိမ်းမှောက်မှုကြောင့် ဗဒုံး(ခ)ဝင်းမောင်မှာ ယာဘက်နားရွက်နှင့် နှာခေါင်းတို့တွင် ဒဏ်ရာပြင်းထန်စွာရရှိပြီး သတိလစ်မေ့မြောနေသဖြင့် ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ရာ ဒီဇင်ဘာ ၁၀ ရက် နံနက်က သေဆုံးသွားခဲ့ကြောင်း သိရသည်။ (ဝ၄၅)

(၈၁)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၃

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဦးမျိုးထက် (တေးသံရှင်) (လူမှုထူးချွန် ဒုတိယဆင့်) (**အပေါ်ပုံ**)သည် ဒီဇင်ဘာ၃၀ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးဌာနတွင် (၈၁)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**



၅ပေ တွင်းခုံ ရောင်းမည်

မော်တာ 1.5 HP ပါပစ္စည်းစုံ

ဖုန်း-၂၄၉၉၅၆၊ ၀၉-၅၁-၆၆၂၄၀။

ကားရောင်းမည်

(၁၀၇)လိုင်းတွင် ပြေးဆွဲနေသော DYNA ၅က/ ၃ထောင်ကျော် CNG (ကျေပြီး)၊ အင်ဂျင်ကိုင်ပြီး ငွေကျပ်၁၆၅သိန်း။

ဖုန်း-၀၉-၅၁-၈၅၃၀၉။

ခြံရောင်းမည်

သာကေတ (လယ်ယာ) ၁၀(မြောက်)ရပ်ကွက်၊ ပေ (၈၀×၁၂၀) နှစ် ၆၀ ဂရန် အမည်ပေါက်

ဖုန်း-၅၀၃၆၂၀၊ ၀၉-၅၀-၁၇၄၆၈။

အိမ်၊ခြံ၊မြေရောင်းမည်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၀ဈေးရှေ့မြိတ်လမ်းမတန်း၊ မျက်နှာစာ၊ BN နှစ်ထပ်တိုက်၊ ဆိုင်ခန်းပါ (၂၄'×၆၀') နှစ်၆၀ဂရန်။ ငွေကျပ် သိန်း၂၅၀။

ဖုန်း-၅၉၁၄၁၂၊ ၇၀၅၉၂၉။

လူပျောက်ကြော်ငြာ

မိတ္ထီလာမြို့၊ အရှေ့ပြင်ရပ်နေ မစုစန္ဒာထွေး(ခ)ပုံ့ပုံ့အထက(၁) နဝမတန်းသည် ၁၃-၁၂-၂၀၀၈ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် လက်ခံသွေးဆောင်ဖြားယောင်းထားသူအား တရားဥပဒေအရအရေးယူဆောင်ရွက်သွားပါမည်။ **အစ်မ-မိုးစန္ဒာ**

ဖုန်း-၀၆၄-၂၃၂၅၅။





မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် ဇန်နဝါရီ ၃

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း သတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ်၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

မျိုးဆက်သစ်လူငယ်များအား ဘက်စုံပညာပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်ရန်မျှော်မှန်း စာပေဘာသာရပ်သာမက အနုပညာဖန်တီးမှု၊ ကျန်းမာကြံ့ခိုင်မှုရှိရေးကိုလည်း လေ့ကျင့်ပေးနေ

အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၂ ခုတွင် အထက်တန်းကျောင်းတစ်ကျောင်းနှုန်းဖြင့် စက်မှုလက်မှုနည်းပညာ ဘာသာရပ်ကို ပူးတွဲသင်ကြားပေးနိုင်ရန် စီစဉ်ထား

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်၌ ပြသထားသော ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၃

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အားကစားခန်းမ၌ ကျင်းပသော ပညာရေးဝန်ကြီးဌာန ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဘက်စုံပညာထူးချွန်ဆုရကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ ခရိုင်နှင့် မြို့နယ်များမှ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

လွတ်လပ်ရေးနေ့ အထူးထုတ် အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ၂၀၀၉ ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု အထူးထုတ် ရောင်စုံအချပ်ပို လေးမျက်နှာ ပူးတွဲပါရှိပါသည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု

မြန်မာ့အလင်း

➢ ကမ္ဘာတည်သရွေ့ အခွန့်ရှည်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ

စည်သူအောင်၏ ဆောင်းပါး အထူးထုတ် (စာ - ဃ၊ ခ၊ ဂ)

➢ လွတ်လပ်ရေးအသိ၊ လွတ်လပ်ရေးသတိ

မြင်းမူမောင်နိုင်မိုး၏ ကဗျာ အထူးထုတ် (စာ - ခ)

➢ ဒို့လျှောက်ရမည့်လမ်း နရည်၏ ကဗျာ စာ - ၉

➢ ၂၀၀၈ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး(ရထားလမ်း)ကဏ္ဍ တိုးတက်မှုမြင်ကွင်း

စာ - ၉

4-1 (20).pmd 1 1/4/2009, 2:08 AM